မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၇ရက်၊ ၂၀၁၀ ခုနှစ်၊ ဇူလိုင် ၁၈ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၉)၊ အမှတ်(၂၈၆)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- ✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✳ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နယ်စပ်နှင့် တောင်တန်းဒေသ ထေရဝါဒ ဗုဒ္ဓဘာသာ သာသနာနုဂ္ဂဟအသင်း အလှူတော်ငွေပေးအပ်

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် တက်ရောက် အလှူငွေများလက်ခံ

နေပြည်တော် ဇူလိုင် ၁၇

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ယနေ့ညနေ ၃နာရီတွင် နေပြည်တော်ရှိ မြန်မာအင်တာနေရှင်နယ် ကွန်ဗင်းရှင်းစင်တာ၌ ကျင်းပသည့် မြန်မာနိုင်ငံနယ်စပ်နှင့် တောင်တန်းဒေသ ထေရဝါဒ ဗုဒ္ဓဘာသာ သာသနာနုဂ္ဂဟအသင်း (ပထမအကြိမ်) အလှူတော်ငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အလှူငွေများကို လက်ခံသည်။

တက်ရောက်

အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံနယ်စပ်နှင့် တောင်တန်းဒေသ ထေရဝါဒ ဗုဒ္ဓဘာသာ သာသနာနုဂ္ဂဟအသင်းကြီး ဗဟိုအလုပ်အမှုဆောင်ကော်မတီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပြည်နယ်၊ တိုင်း သာသနာနုဂ္ဂဟအသင်းများမှ တာဝန်ရှိသူများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ❐

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ထံ အလှူရှင်များက မြန်မာနိုင်ငံ နယ်စပ်နှင့် တောင်တန်းဒေသ ထေရဝါဒ ဗုဒ္ဓဘာသာ သာသနာနုဂ္ဂဟအသင်းအတွက် အလှူငွေများကို ပေးအပ်စဉ်။

(သတင်းစဉ်)

နေပြည်တော်ပျဉ်းမနား - ပင်လောင်းကားလမ်းပေါ်တွင် ယာဉ်တစ်စီးချင်း (၇၅)တန် ခံနိုင်ဝန်ရှိပြီး

မြန်မာနိုင်ငံ၌ အမြင့်ဆုံးဖြစ်လာမည့် ကြိုးတံတားကြီးတည်ဆောက်နေ

➢ သတင်းဆောင်းပါး - ခရမ်းစိုးမြင့် ➢ ဓာတ်ပုံ - မိုးမြင့်လှိုင်
➢ စာမျက်နှာဖွဲ့စည်းမှု - မိုးမိုးအောင်(မြန်မာ့အလင်း)

နေပြည်တော် ဇူလိုင် ၁၇

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်၏ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်အောင် အထူးအလေးပေး ဆောင်ရွက်လျက်ရှိသည်။ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုကိုခံယူလျက် နိုင်ငံတော်အတွင်း လူမှုရေး၊ စီးပွားရေးကဏ္ဍ၏ စွမ်းအားတစ်ခုဖြစ်သည့် လမ်းနှင့် တံတားများ တည်ဆောက်ခြင်းလုပ်ငန်းကို အရှိန်အဟုန်ဖြင့် တည်ဆောက်လျက်ရှိရာ ၁၉၈၈ခုနှစ်မှ ယနေ့အထိ ပေ ၁၀၀နှင့် ပေ ၁၈၀အကြား တံတားပေါင်း ၂၉၁၅စင်းနှင့် ပေ ၁၈၀အထက် တံတားကြီးပေါင်း အစင်း ၂၄၀ တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး လက်ရှိတံတား ၂၂စင်းကို တည်ဆောက်နေဆဲဖြစ်သည်။

စာမျက်နှာ ၈ ကော်လံ ၁ ✳

နေပြည်တော်ပျဉ်းမနား-ပင်လောင်း ကတ္တရာကားလမ်းပေါ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ မြန်မာအင်ဂျင်နီယာများက တာဝန်ယူတည်ဆောက်နေသော မြန်မာပြည်တွင် အမြင့်ဆုံးကြိုးတံတားကြီးဖြစ်လာမည့် လိန်းလီကြိုးတံတားကြီး တည်ဆောက်နေသည်ကို တောင်စဉ်တောင်တန်းကြား၌ ဤသို့ ငွားငွားစွင့်စွင့်တွေ့ရစဉ်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၀ ခုနှစ် ဇူလိုင် ၁၈ရက်)

တီဘီရောဂါဖြစ်ပွားမှုကျဆင်းရေး ဝိုင်းဝန်းပါဝင်ကူညီ

မြန်မာနိုင်ငံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ပါဝင်သည့် တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းကို စီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ရာ၌ အမျိုးသား တီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်း၏ အဓိကဦးတည်ချက်အတိုင်း တီဘီရောဂါကို မြန်မာနိုင်ငံ၏ ပြည်သူ့ကျန်းမာရေး ပြဿနာတစ်ခုအဖြစ်မှ ဖယ်ရှားနိုင်ရေးကို ဆောင်ရွက်လျက်ရှိသည်။ ထိုကဲ့သို့ဆောင်ရွက်ရာတွင် ကျန်းမာရေးဌာန ဝန်ထမ်းသာမက ပြည်သူများကပါ ဝိုင်းဝန်းပါဝင်သွားကြရမည်ဖြစ်သည်။

တီဘီရောဂါတိုက်ဖျက်ရေး စီမံကိန်းရည်မှန်းချက်သည် ကမ္ဘာ့ကုလသမဂ္ဂ၏ ထောင်စုနှစ် ရည်မှန်းချက်များအတိုင်း နှစ်စဉ်တီဘီလူနာအသစ်ဖြစ်ပွားမှုကို ရပ်တန့်ကျဆင်းလာစေရန်နှင့် ၂၀၁၅ခုနှစ်တွင် တီဘီရောဂါဖြစ်ပွားနှုန်းနှင့် သေဆုံးနှုန်းတို့ကို ၁၉၉၀ခုနှစ် အခြေအနေ၏ ထက်ဝက်လျှော့ချရန်ဖြစ်သည်။

တီဘီရောဂါကူးစက်ခြင်းသည် လေမှတစ်ဆင့် တီဘီပိုးပါရှိလာပြီး တီဘီရောဂါပိုးရှိသူ ချောင်းဆိုး နှာချေရာမှတစ်ဆင့် အခြားသူတစ်ဦးကို ကူးစက်ခံရခြင်းဖြစ်သည်။ ထို့ကြောင့် ကူးစက်မှုမဖြစ်ပွားရန် အဓိကဆောင်ရွက်ရမည့်အချက်သည် တီဘီရောဂါရှိသူကို ရောဂါပျောက်ကင်းရန် ကုသပေးခြင်းဖြစ်သည်။

တီဘီရောဂါသည် လူနာရှာဖွေကုသမှု တိုးတက်လာစေရန် ၂၀၀၄ခုနှစ်မှစ၍ ပုဂ္ဂလိကဆေးခန်းများနှင့် ပူးပေါင်းခြင်းကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိသည်။ ရောဂါရှိသူကိုလည်း အိမ်နှင့်အနီးကပ်ဆုံး ဆေးခန်းများ၌ ရောဂါအခမဲ့ရှာဖွေဆေးကုသနိုင်ရန် ကျန်းမာရေးဌာနက စီမံဆောင်ရွက်ပေးထားသည်။ ကျန်းမာရေးဝန်ထမ်းများသည် တီဘီရောဂါသည်လူနာထံသို့ အိမ်တိုင်ရာရောက်သွားရောက်၍ အတူနေမိသားစုဝင်များအား တီဘီရောဂါရှိ မရှိ စစ်ဆေးခြင်းကို ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ တီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်းရည်မှန်းချက်ဖြစ်သည့် ကမ္ဘာ့ကုလသမဂ္ဂ၏ ထောင်စုနှစ်ရည်မှန်းချက်အတိုင်း ၂၀၁၅ခုနှစ်တွင် တီဘီရောဂါ ဖြစ်ပွားမှုနှုန်းနှင့် သေဆုံးမှုနှုန်းကျဆင်းရေးအတွက် ကျန်းမာရေးဝန်ထမ်းများနှင့်အတူ တိုင်းရင်းသားပြည်သူများ ဝိုင်းဝန်းပါဝင်ကူညီဆောင်ရွက်သွားကြရန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရှေ့နေချုပ်ရုံး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဇူလိုင် ၁၇

ရှေ့နေချုပ်ရုံး၏ ၂၀၁၀ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားနှင့် ငါးမျိုးသားပေါက်စိုက်ထည့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက်၈နာရီက နေပြည်တော်ရှိ အဆိုပါရုံး၌ကျင်းပရာ ရှေ့ဦးစွာ ရှေ့နေချုပ် ဦးအေးမောင်က အထိမ်းအမှတ် မဟော်ဂနီပင်ကို စိုက်ပျိုးပေးပြီး ဒုတိယရှေ့နေချုပ်များနှင့် ညွှန်ကြားရေးမှူးချုပ်(တာဝန်)တို့က စိန်တစ်လုံး သရက်ပင်များကို စိုက်ပျိုးပေးကြသည်။

ယင်းနောက် ရှေ့နေချုပ်ရုံး လျှိုပိတ်ဆည်အတွင်း ငါးမျိုးစိုက်ထည့်ပွဲကို ဆက်လက်ကျင်းပရာ ရှေ့နေချုပ်၊ ဒုတိယ ရှေ့နေချုပ်များ၊ ညွှန်ကြားရေးမှူးချုပ် (တာဝန်)၊ ရုံးအဖွဲ့မှူးနှင့် ဝန်ထမ်းများက မြက်စားငါးကြင်းသားပေါက် ကောင်ရေ ၅၀၀၀ကို စိုက်ထည့်ပေးကြသည်။

စိုက်ပျိုး

ရှေ့နေချုပ်ရုံး၏ ယခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် စိန်တစ်လုံးသရက်၊ မဟော်ဂနီ၊ ကံ့ကော်၊ ပိတောက်၊ ခရေ၊ တမာ၊ စိန်ပန်းပင်၊ ကုက္ကို အစရှိသော ပျိုးပင် ပေါင်း၁၀၀၀ ကျော်ကို စိုက်ပျိုးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရှေ့နေချုပ် ဦးအေးမောင် ရှေ့နေချုပ်ရုံး၏ ၂၀၁၀ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားတွင် မဟော်ဂနီပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်လှမင်း ပညာရည်ချွန်ဆုပေးအပ်ပွဲတက်ရောက်

နေပြည်တော် ဇူလိုင် ၁၇

ပဲခူးတိုင်း ကညင်ကျိုးဒေသ စပါးနှင့် မတ်ပဲ စိုက်ပျိုးစရိတ်ထုတ်ပေးရေး ကြီးကြပ်မှုကော်မတီ၏ ပညာရည်ချွန်ဆုနှင့် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင်၁၁ရက် နံနက်ပိုင်းက ညောင်လေးပင်မြို့နယ်ခန်းမ၌ ကျင်းပရာ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမင်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး တောင်သူလယ်သမားများ၏ သားသမီးများအတွက် ပညာသင်ထောက်ပံ့ကြေးများကိုပေးအပ်ရာ တောင်သူကိုယ်စားလှယ်များက လက်ခံကြသည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ သင်ကြားမှုထူးချွန်ဆုရရှိသော ဆရာမတစ်ဦးနှင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တာဝန်ရှိသူများက သူငယ်တန်းမှ သတ္တမတန်းအထိ အတန်းလိုက်ထူးချွန်ဆုရရှိခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ဆုများကို ပေးအပ်ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးကြီးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မြေအောက် မီးသတ်ရေလှောင်ကန်များထားရှိမှုနှင့် ရေလှောင်ကန်အတွင်း ရေဖြည့်တင်း ဆောင်ရွက်ထားရှိမှု၊ မီးသတ်ရေငုတ်ထားရှိမှုနှင့် မီးသတ်ရေငုတ်များကောင်းမွန်မှု ရှိ/မရှိ တို့ကို ဇွန် ၃၀ရက်က စည်ပင်သာယာရေး ဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွှန့် စစ်ဆေးစဉ်။
(မြို့နယ်စည်ပင်)

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကြည့်မြင်တိုင်မြို့နယ်အတွင်း ဆောင်ရွက်

ရန်ကုန် ဇူလိုင် ၁၇

ရန်ကုန်တိုင်း ကျန်းမာရေးကော်မတီ၏ ဦးဆောင်ပံ့ပိုးမှု၊ မြို့နယ်ကျန်းမာရေးကော်မတီ၏ အနီးကပ်စောင့်ရှောက်မှုဖြင့် မြို့နယ်အတွင်း နာတာရှည်ရောဂါဝေဒနာရှင်များအား ပြည်သူလူထုအခြေပြု အိမ်တိုင်ရာရောက် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း အခမ်းအနားကို ကြည့်မြင်တိုင်မြို့နယ် အထက(၁) မြဝတ်ရည်ခန်းမ၌ ဇူလိုင် ၁၆ရက် နံနက်က ကျင်းပရာ အခမ်းအနားသို့ အမျိုးသားခုခံကျ/ ကာလသားရောဂါ တိုက်ဖျက်ရေးစီမံချက်မှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာခင်ဥမ္မာစံ၊ တိုင်းကျန်းမာရေးဦးစီးဌာနမှ ဒုတိယတိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသီရိန္ဒယ်နှင့် ဒေါက်တာယဉ်သန္တာလှိုင်၊ တိုင်းတီဘီရောဂါနှင့် အနာကြီးရောဂါတိုက်ဖျက်ရေးမှ ဆရာဝန်ကြီးများ၊ မြို့နယ်ကျန်းမာရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဟောပြော

အခမ်းအနားတွင် တိုင်းခုခံကျ/ ကာလသားရောဂါ တိုက်ဖျက်ရေး ဆရာဝန်ကြီး ဒေါက်တာ မျိုးသန့်၊ တိုင်းတီဘီရောဂါ အထူးကုဆရာဝန်ကြီး ဒေါက်တာ တင်မိမိခိုင်၊ တိုင်းအနာကြီးရောဂါ တိုက်ဖျက်ရေး ဆရာဝန်ကြီး ဒေါက်တာ သန်းဝင်းတို့က ဟောပြောကြသည်။

ထို့နောက် အဆိုပါ ပူးပေါင်းအဖွဲ့သည် ဈေးကလေးရပ်ကွက်အတွင်းရှိ နာတာရှည်ဝေဒနာရှင်များအား အိမ်တိုင်ရာရောက် ကျန်းမာရေးစောင့်ရှောက်ပေးပြီး ဆေးဝါးနှင့် အာဟာရပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။ **(အပေါ်ဝဲပုံ)** (၁၆၄)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၈-၇-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4အဖွင့် Logo၊ ပဌာန်းပါဠိတော်+ပရိတ်နိဒါန်း မင်္ဂလသုတ်
၅:၁၅ MRTV-4 သတင်း
၆:၀၀ **မေတ္တာတန်ခိုး ကုသိုလ်တိုး** တရားတော် (ယောဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ)
၇:၀၀ MRTV-4 သတင်း
၇:၄၅ ရန်ကုန်မြင်ကွင်းကျယ် (Ocean Super Centre Wash &Laundry Fair)
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၅၀)
၈:၃၀ Sports World (Sunday Special)
၈:၅၅ Activities in the City
-ရွှေဘိုမြို့နယ်အသင်း (ရန်ကုန်)၏ ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲ အခမ်းအနား
- T-Link Web Development၏ Online Myanmar Shopping com မိတ်ဆက်ပွဲ
၉:၃၀ Sunday Talk မျိုးမြတ်သူ၊ ကိုကို(စက်မှုတက္ကသိုလ်)
၁၀:၄၅ အနုပညာရုပ်ဝန်းမှ ရင်ခုန်သံများ **ယောကျာ်းမကရှော့ခ်စတား ရိုက်ကွင်း**
၁၁:၁၅ ကျန်းမာလှပသွယ်လျဖို့ SMART GIRL ကိုသွားကြစို့
၁၁:၃၀ ဈေးဝယ်လမ်းညွှန် (Super One Shopping Centre ကျိုက္ကဆံ)
၁၂:၀၀ ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ် တေးအရသာ (ဂီတရိပ်သာ-၂၁)
၁၂:၂၀ ခေရီးရာအစားအစာ စားချင်ဖွယ်ရာ ဟင်းထုပ်ပါ
၁၂:၃၅ **ဇီဝိတဒါနသွေးလှူဖို့ သွေးအားပြည့်အောင်နေကြစို့** ငှက်ပျောကြော်၊ ချစ်သုဝေ၊ မိုးယုစံ၊ မီးမီးသုခ (ဒါရိုက်တာ-ကိုရွှေမိုးသက်)
၁၂:၄၀ သူဌေးချောင်း၏ရေအလျင်.... လျှပ်စစ်စွမ်းအားဂုဏ်အသွင်
၁:၀၀ **မေတ္တာတန်ခိုး ကုသိုလ်တိုး** တရားတော် (ယောဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ)
၂:၀၀ MRTV-4 သတင်း
၂:၄၅ **စကားနပန်း** (ဘောလုံးကန်တာကောင်းတယ်၊ ဘောလုံးမကန်တာကောင်းတယ်)
၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၅၀)
၄:၂၀ မွေးရန့်တို့ဖြင့် ထုံမွှမ်းအပ်သော
၄:၄၀ ကျန်းမာလှပသွယ်လျဖို့ SMART GIRL ကိုသွားကြစို့
၅:၀၀ Activities in the City
-ရွှေဘိုမြို့နယ်အသင်း (ရန်ကုန်)၏ ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲ အခမ်းအနား
- T-Link Web Development၏ Online Myanmar Shopping com မိတ်ဆက်ပွဲ
၅:၃၅ ဗီဒီယိုပြခန်း
၆:၀၀ MRTV-4 သတင်း
၆:၂၀ MRTV-4 ကာတွန်းအစီအစဉ်
၆:၅၀ ခေတ်ပြိုင်ဂီတ မှတ်တိုင်များ (ဘိုဘိုဟန်)
၇:၂၀ FMF Selection
၈:၀၀ MRTV-4 သတင်း
၈:၃၀ **စကားနပန်း** (ဘောလုံးကန်တာကောင်းတယ်၊ ဘောလုံးမကန်တာကောင်းတယ်)
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၅၀)
၁၀:၁၀ ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာချစ်တဲ့ ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၂၁)
၁၀:၂၀ ဈေးဝယ်လမ်းညွှန် (Super One Shopping Centre ကျိုက္ကဆံ)
၁၀:၄၅ ရန်ကုန်မြင်ကွင်းကျယ် (Ocean Super Centre Wash &Laundry Fair)
၁၀:၅၅ ဗီဒီယိုပြခန်း
၁၁:၁၅ ခေတ်ပြိုင်ဂီတ မှတ်တိုင်များ (ဘိုဘိုဟန်)
၁၁:၄၅ အနုပညာရုပ်ဝန်းမှ ရင်ခုန်သံများ **ယောကျာ်းမကရှော့ခ်စတား ရိုက်ကွင်း**
၁၂:၁၀ ထန်းပင်မှဖြစ်သည့်အနုပညာ (ထန်းပန်းချီ)
၁၂:၂၀ အဏုဇီဝတွင်းထွက်ရတနာ
၁၂:၃၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၁:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

❒ *ရှေ့ဖုံးမှ*

ရှင်းလင်းတင်ပြ

ထို့နောက် မြန်မာနိုင်ငံ နယ်စပ်နှင့် တောင်တန်းဒေသ ထေရဝါဒ ဗုဒ္ဓဘာသာ သာသနာနုဂ္ဂဟအသင်းကြီး ဗဟိုနာယက သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရ ဦးမြင့်မောင်က မြန်မာနိုင်ငံ နယ်စပ်နှင့် တောင်တန်းဒေသ ထေရဝါဒ ဗုဒ္ဓဘာသာ သာသနာနုဂ္ဂဟအသင်းကြီး ဖွဲ့စည်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဂုဏ်ပြုမှတ်တမ်းလွှာ

ယင်းနောက် မြန်မာနိုင်ငံနယ်စပ်နှင့် တောင်တန်းဒေသ ထေရဝါဒ ဗုဒ္ဓဘာသာ သာသနာနုဂ္ဂဟအသင်းကြီးအတွက် အလှူတော်ငွေများကို ပေးအပ်လှူဒါန်းရာ နိုင်ငံတော် ဝန်ကြီးချုပ်က အလှူငွေများကို လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်သည်။

ပေးအပ်

ဆက်လက်၍ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများက အလှူငွေများကို လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ကြသည်။

ထို့နောက် မြန်မာနိုင်ငံ နယ်စပ်နှင့် တောင်တန်းဒေသ ထေရဝါဒ ဗုဒ္ဓဘာသာ သာသနာနုဂ္ဂဟအသင်းကြီး ဗဟိုအလုပ်အမှုဆောင်ကော်မတီဉက္ကဋ္ဌ ဒေါက်တာခင်ရွှေက ကျေးဇူးတင်စကားပြောကြားပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လှူဒါန်း

မြန်မာနိုင်ငံ နယ်စပ်နှင့် တောင်တန်းဒေသ ထေရဝါဒ ဗုဒ္ဓဘာသာ သာသနာနုဂ္ဂဟအသင်းကြီး(ပထမအကြိမ်) အလှူတော်ငွေများ ပေးအပ်လှူဒါန်းပွဲတွင် ငွေကျပ် သိန်း ၃၆၀၀ အလှူရှင် နှစ်ဦး၊ ငွေကျပ်သိန်း ၁၂၀၀ အလှူရှင်တစ်ဦး၊ ငွေကျပ်သိန်း ၁၀၀၀ အလှူရှင် တစ်ဦး၊ ငွေကျပ်သိန်း ၅၀၀ အလှူရှင် လေးဦး၊ ငွေကျပ်သိန်း ၄၁၀ အလှူရှင် တစ်ဦး၊ ငွေကျပ်သိန်း ၃၀၀ အလှူရှင် တစ်ဦး၊ ငွေကျပ်သိန်း ၃၀၀ တန်ဖိုးရှိ ကွန်ပျူတာအလုံး ၅၀ အလှူရှင် တစ်ဦး စုစုပေါင်းအလှူရှင် ၃၅ဦးနှင့် ပြည်နယ်၊ တိုင်း သာသနာနုဂ္ဂဟအသင်းများမှ လှူဒါန်းငွေများအပါအဝင် စုစုပေါင်း အလှူငွေကျပ် ၁၄၃၉၆သိန်း လှူဒါန်းခဲ့ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ထံ အလှူရှင်များက မြန်မာနိုင်ငံ နယ်စပ်နှင့် တောင်တန်းဒေသ ထေရဝါဒ ဗုဒ္ဓဘာသာ သာသနာနုဂ္ဂဟအသင်းအတွက် အလှူငွေများကို ပေးအပ်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ထံ အလှူရှင်များက မြန်မာနိုင်ငံ နယ်စပ်နှင့် တောင်တန်းဒေသ ထေရဝါဒ ဗုဒ္ဓဘာသာ သာသနာနုဂ္ဂဟအသင်းအတွက် အလှူငွေများကို ပေးအပ်စဉ်။ (သတင်းစဉ်)

သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင်ထံ အလှူရှင်များက မြန်မာနိုင်ငံ နယ်စပ်နှင့် တောင်တန်းဒေသ ထေရဝါဒ ဗုဒ္ဓဘာသာ သာသနာနုဂ္ဂဟအသင်းအတွက် အလှူငွေများကို ပေးအပ်စဉ်။ (သတင်းစဉ်)

■ *ကျောဖုံးမှ*

ဆွေးနွေးတင်ပြ

ဆက်လက်၍ မွန်ပြည်နယ် ကော်မရှင်အဖွဲ့ခွဲဉက္ကဋ္ဌ ဦးသိန်းထွန်းအေးနှင့် မော်လမြိုင် ခရိုင်ကော်မရှင်အဖွဲ့ခွဲဉက္ကဋ္ဌ ဦးခင်ထွန်းတို့က ကော်မရှင်လုပ်ငန်းဆိုင်ရာများ ဆွေးနွေးတင်ပြကြသည်။

ရှင်းလင်းဆွေးနွေး

ထို့နောက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဉက္ကဋ္ဌများနှင့် တက်ရောက်လာကြသူများက ကော်မရှင်လုပ်ငန်းဆိုင်ရာများ ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဉက္ကဋ္ဌ ဦးသိန်းစိုးက ပြန်လည်ရှင်းလင်းဆွေးနွေး၍ နိဂုံးချုပ်အမှာစကားပြောကြားကာ တွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးထံ အလှူရှင်များက မြန်မာနိုင်ငံ နယ်စပ်နှင့် တောင်တန်းဒေသ ထေရဝါဒ ဗုဒ္ဓဘာသာ သာသနာနုဂ္ဂဟအသင်းအတွက် အလှူငွေများကို ပေးအပ်စဉ်။ (သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်ထံ အလှူရှင်များက မြန်မာနိုင်ငံ နယ်စပ်နှင့် တောင်တန်းဒေသ ထေရဝါဒ ဗုဒ္ဓဘာသာ သာသနာနုဂ္ဂဟ အသင်းအတွက် အလှူငွေများကို ပေးအပ်စဉ်။ (သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁၇-၇-၂၀၁၀

ဘီးလင်းမြို့
၂ ဒသမ ၉၅ လက်မ

ကျိုက္ခမီမြို့
၂ ဒသမ ၅၂ လက်မ

ပေါင်မြို့
၂ ဒသမ ၃၆ လက်မ

မြိတ်မြို့
၂ ဒသမ ၀၆ လက်မ

ကလေးဝမြို့
၁ ဒသမ ၆၉ လက်မ

ကလေးမြို့
၁ ဒသမ ၄၅ လက်မ

သိမှတ်ဖွယ်ရာ ဗဟုသုတအဖြာဖြာ (၂၀၁၀)စာအုပ်ထုတ်ဝေ

ရန်ကုန် ဇူလိုင် ၁၇

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသော သိမှတ်ဖွယ်ရာ ဗဟုသုတအဖြာဖြာ (၂၀၁၀)စာအုပ်ကို ထုတ်ဝေလိုက်သည်။

ဤစာအုပ်တွင် မြန်မာနိုင်ငံ၏ သမိုင်းကြောင်းဖြစ်စဉ်များ၊ ပထဝီဆိုင်ရာ အချက်အလက်များ၊ ၂၀၁၀ခုနှစ်အတွင်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ထုတ်ပြန်ကြေညာခဲ့သည့် ဥပဒေများ၊ ၂၀၁၀ခုနှစ်အတွင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာခဲ့သည့် အမိန့်ကြော်ငြာစာများနှင့် ကြေညာချက်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဖွဲ့စည်းခြင်း၊ နိုင်ငံရေးပါတီတည်ထောင်ခွင့်ရသည့် အဖွဲ့များ၏ ခွင့်ပြုရက်စွဲနှင့် မှတ်ပုံတင်အမှတ်၊ တပ်မတော်ဆိုင်ရာနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဆိုင်ရာ သိမှတ်ဖွယ်ရာများ၊ ဘာသာရေးနှင့် ကျန်းမာရေးဆိုင်ရာ သိမှတ်ဖွယ်ရာများ၊ NGO အဖွဲ့အစည်းများဆိုင်ရာ သိမှတ်ဖွယ်ရာများ၊ အကျယ်အဝန်း၊ ထုထည်၊ အလေးချိန်ဆိုင်ရာသိမှတ်ဖွယ်ရာများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့မှခေါ်ယူသော ပြန်တမ်းဝင်အရာရှိရာထူးအတွက် လူတွေ့စစ်ဆေးခြင်းဆိုင်ရာသိမှတ်ဖွယ်ရာများ၊ ပြည်နယ်နှင့် တိုင်းအသီးသီး၏ ဖွံ့ဖြိုးတိုးတက်မှုမှတ်တမ်းများ၊ နိုင်ငံတကာရေးရာ သိမှတ်ဖွယ်ရာများကို နောက်ဆုံးအခြေအနေနှင့် ကိုက်ညီအောင် စုစည်းဖော်ပြထားသည်။

ဤစာအုပ်သည် ဗဟုသုတရှာမှီးလိုသူများ၊ ရာထူးဝင်စာမေးပွဲ ဖြေဆိုကြမည့်သူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအတွက် မသိမဖြစ် သိရမည့် အချက်များကို စုစည်းဖော်ပြထားသဖြင့် အိမ်တိုင်း၊ လူတိုင်းက လက်ကိုင်ပြုရမည့် စာအုပ်ဖြစ်သည်။

ဤစာအုပ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ ဝါမိုးအောင် စာအုပ်ဆိုင်၊ အမေ့အိမ်စာအုပ်ဆိုင်၊ မြင့်မိုရ်(၁)စာအုပ်ဆိုင်နှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်အရောင်းဆိုင်တို့တွင် တစ်အုပ်လျှင် ငွေကျပ် ၂၀၀၀ဖြင့် ဝယ်ယူနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဗီယက်နမ်-အာဆီယံလက်တွဲသည့် (၁၅)နှစ်မြောက် အထိမ်းအမှတ်
ယဉ်ကျေးမှုနှင့် အနုပညာပြပွဲများ ကျင်းပမည်

ဟန္နိုင်း ဇူလိုင် ၁၇

အာဆီယံဝန်ကြီးများ အစည်းအဝေးနှင့် အာဆီယံဒေသဆိုင်ရာဖိုရမ်ကို ဇူလိုင် ၁၉ရက်မှ ၂၃ရက်အထိ ဟန္နိုင်းမြို့၌ ကျင်းပနေစဉ်အတွင်း ဗီယက်နမ်-အာဆီယံလက်တွဲသည့် (၁၅)နှစ်မြောက် အထိမ်းအမှတ်အဖြစ် ယဉ်ကျေးမှုနှင့် အနုပညာပြပွဲများကို ကျင်းပသွားမည်ဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ငုရင်ဖောင်က သတင်းစာရှင်းလင်းပွဲတစ်ခု၌ ဇူလိုင် ၁၅ရက်က ပြောကြားလိုက်သည်။

အဆိုပါပြပွဲများကြောင့် အာဆီယံနှင့် ပတ်သက်ပြီး ဗီယက်နမ်ပြည်သူများ၏ လူမှုရေး အသိပညာများ တိုးတက်စေမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

ကျင်းပ

ထို့အပြင် အာဆီယံထူထောင်သည့် (၄၃)နှစ်မြောက် အထိမ်းအမှတ်အဖြစ် အာဆီယံဒေသဆိုင်ရာ အစားအစာနှင့် ပတ်သက်သော ပြပွဲကိုလည်း ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပမည် ဖြစ်သည်။

ဖော်ပြ

၎င်းအစီအစဉ်သည် ဗီယက်နမ်-အာဆီယံ ရက်သတ္တပတ်ပြပွဲ၏ အစိတ်အပိုင်းဖြစ်ပြီး ဇူလိုင် ၂၈ရက်မှ ဩဂုတ် ၈ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

လျှပ်စစ်မော်တော်ကား

ကနေဒါနိုင်ငံ ဗန်ကူဘာမြို့၌ ကျင်းပသည့် ကားပြပွဲတွင် ကမ္ဘာ့အမြန်ဆုံး လျှပ်စစ်ကားပြသထားသည်ကို ဇူလိုင် ၁၇ရက်က တွေ့ရစဉ်။ (ယင်းမော်တော်ကားသည် တစ်နာရီလျှင် မိုင် ၂၀၀နှုန်း မောင်းနှင်နိုင်သည်။)

(အင်တာနက်ဓာတ်ပုံ)



ပထမဆုံးသူလျှိုလေယာဉ် တူရကီ၌ စမ်းသပ်ပျံသန်း

အန်ကာရာ ဇူလိုင် ၁၇

တူရကီနိုင်ငံက ကိုယ်ပိုင်နည်းပညာကို အခြေခံကာထုတ်လုပ်ထားသော ပထမဆုံး သူလျှိုလေယာဉ်တစ်စင်းကို ၂၄ နာရီကြာ စမ်းသပ်ပျံသန်းခဲ့ကြောင်း တူရကီ စစ်ဘက်အရာရှိများက ဇူလိုင် ၁၆ရက်၌ ပြောကြားသည်။

တူရကီနိုင်ငံသည် ဒေသတွင်း နည်းပညာတိုးတက်မှုကို ပြသနိုင်ခြင်းဖြစ်ပြီး တူရကီ ကာကွယ်ရေးဆိုင်ရာ နည်းပညာများအား အသုံးပြု ထုတ်လုပ်ထားခြင်းဖြစ်သော်လည်း အစ္စရေးနည်းပညာများနှင့် ပေါင်းစပ်ထားခြင်းဖြစ်သည်။

တိုးတက်

တူရကီနိုင်ငံထုတ် သူလျှိုလေယာဉ်များသည် တူရကီအင်ဂျင်နီယာများ၏ တီထွင်နိုင်မှု၏ အစိတ်အပိုင်းတစ်ရပ်သာဖြစ်ကြောင်း၊ ၂၀၁၃ ခုနှစ်တွင် တူရကီလေတပ်စွမ်းအား တိုးတက်လာမည်ဖြစ်ကြောင်း တူရကီစစ်ဘက်အရာရှိများက ပြောကြားသည်။

ယင်းသူလျှိုလေယာဉ်သည် အရှည် ၅၆ ပေရှည်ပြီး တစ်နာရီလျှင် ၇၅ မိုင်နှုန်းဖြင့် အမြင့်ပေ ၃၀၀၀၀ မှ ပျံသန်းကာ ထောက်လှမ်းရေးလုပ်ငန်းများ ပြုလုပ်နိုင်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။ *(အင်တာနက်)*

ဆိုမာလီကမ်းလွန် ပင်လယ်ဓားပြနှိမ်နင်းရေး
ဂျပန် တစ်နှစ်ထပ်မံသက်တမ်းတိုးမြှင့်

တိုကျို ဇူလိုင် ၁၇

ဇူလိုင် ၂၃ရက်တွင်ပြီးဆုံးမည့် ဂျပန်ရေကြောင်းကာကွယ်ရေးတပ်ဖွဲ့ (အမ်အက်စ်ဒီအက်ဖ်)၏ ဆိုမာလီကမ်းလွန်ပင်လယ်ဓားပြနှိမ်နင်းရေးလုပ်ငန်းကို တစ်နှစ်ထပ်မံသက်တမ်းတိုးချဲ့တာဝန်ချထားရန် ဇူလိုင် ၁၆ရက်တွင် ဂျပန်နိုင်ငံက ဆုံးဖြတ်ချက်ချမှတ်လိုက်သည်။

ဂျပန်နိုင်ငံအာဏာရ ဒီပီဂျေပါတီအနေဖြင့် အတိုက်အခံဘဝတွင် ဂျပန်ရေကြောင်းကာကွယ်ရေးတပ်ဖွဲ့များ နိုင်ငံတကာရေပြင်သို့ စေလွှတ်ခြင်းအပေါ် ဆန့်ကျင်ခဲ့သည်။

ပစ်နိုင်

သို့သော် ကိုယ့်ကိုယ်ကို ကာကွယ်သကဲ့သို့ အခြေအနေမျိုးမှအပ ပင်လယ်ဓားပြများကို ယခုတိုင် တိုက်ခိုက်ခြင်း မရှိသေးသော်လည်း သတိပေးသည့်ကြားမှ ကုန်သင်္ဘောအနီး ချဉ်းကပ်လာသော ပင်လယ်ဓားပြများကို ပင်လယ်ဓားပြ နှိမ်နင်းရေး ဥပဒေအရ ဂျပန်ရေကြောင်းကာကွယ်ရေးတပ်ဖွဲ့ (အမ်အက်စ်ဒီအက်ဖ်)ပိုင် စစ်သင်္ဘောများအနေနှင့် သေနတ်ဖြင့်ပစ်နိုင်ပေသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

အီရတ်၌ ဟိုတယ်မီးလောင်

ဘဂ္ဂဒက် ဇူလိုင် ၁၇

အီရတ်မြောက်ပိုင်းတွင် ဟိုတယ်တစ်လုံး မီးလောင်မှုဖြစ်ပွားခဲ့ရာ အနည်းဆုံး ၂၉ဦး သေဆုံးခဲ့ပြီး လူအမြောက်အမြား ဒဏ်ရာရရှိခဲ့ကြောင်း ဆေးရုံအကြီးအကဲက ဇူလိုင် ၁၇ရက်က ပြောကြားသည်။

အဆိုပါ မီးလောင်မှုဖြစ်စဉ်မှာ ဆူလီမာရာမြို့ရှိ ဆိုမာဟိုတယ်၌ ညဘက်တွင်ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး သေဆုံးသူများတွင် နိုင်ငံခြားသားများ၊ ကလေးများနှင့် အမျိုးသမီးများပါဝင်ပြီး အချို့မှာ မီးပုံ့နှံ့လာမှုကြောင့် ပြတင်းပေါက်မှ ခုန်ချခဲ့သဖြင့် သေဆုံးရခြင်းဖြစ်ကြောင်း မျက်မြင်သက်သေများက ပြောကြားသည်။ ၎င်းမီးမှာ ပေါက်ကွဲမှုမှ လောင်ကျွမ်းခြင်း မဟုတ်ကြောင်း ပြောကြားသည်။သေဆုံးသူများတွင် အမေရိကန်လူမျိုး လေးဦးပါဝင်ပြီး ကနေဒါလူမျိုးတစ်ဦးနှင့် ဖိလစ်ပိုင်၊ ကမ္ဘောဒီးယားနှင့် သီရိလင်္ကာနိုင်ငံမှ အင်ဂျင်နီယာများ ပါဝင်ခဲ့သည်။

(အင်တာနက်)

ရိုမေးနီးယားနိုင်ငံ ကွန်စတန်ဇာမြို့ရှိ ရေသတ္တဝါများ ပြတိုက်၌ လာရောက်လေ့လာသူများအား ဖျော်ဖြေနေသော တရုတ်နိုင်ငံမှ လင်းပိုင်တစ်ကောင်ကို တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ကုန်တင်လေယာဉ်သစ်

ရုရှားအဲလေကြောင်းလိုင်းမှ ဘိုရင်း ၇၄၇-၄၀၀ အက်ဖ် ကုန်တင်လေယာဉ် အသစ်တစ်စင်းအား ရုရှားနိုင်ငံ မော်စကို လေဆိပ်၌ ဇူလိုင် ၁၇ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

တောင်ကိုရီးယားနှင့် အမေရိကန်ရေတပ်
စစ်ရေးပူးတွဲလေ့ကျင့်မည်

ဆိုးလ် ဇူလိုင် ၁၇

တောင်ကိုရီးယားနှင့် အမေရိကန် နှစ်နိုင်ငံမှ ရေတပ်ဆိုင်ရာပူးတွဲစစ်ရေးလေ့ကျင့်မှုကို ယခုလတွင် တောင်ကိုရီးယားနိုင်ငံအရှေ့ဘက်ကမ်းရိုးတန်း၌ စတင်ပြုလုပ်ရန် မျှော်မှန်းထားကြောင်း ကာကွယ်ရေးဝန်ကြီးဌာန၏ အတည်ပြုပြောကြားချက်ကို ဆင်ဟွာ သတင်းဌာနက ဇူလိုင် ၁၅ရက်၌ သတင်းထုတ်ပြန်သည်။

ဆွေးနွေး

တောင်ကိုရီးယားနှင့် အမေရိကန် နှစ်နိုင်ငံမှ ကာကွယ်ရေးဝန်ကြီးနှင့် နိုင်ငံခြားရေးဝန်ကြီးတို့သည် ဆိုးလ်မြို့၌ တွေ့ဆုံကာ လုံခြုံရေးဆိုင်ရာတို့ကို ဆွေးနွေးမည်ဖြစ်ပြီး ရှေ့ရက်သတ္တပတ်တွင် စစ်ရေးလေ့ကျင့်မှုပြုလုပ်ရန် နောက်ဆုံးအတည်ပြုလိမ့်မည်ဖြစ်ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

ရောက်ရှိ

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်နှင့် ကာကွယ်ရေးဝန်ကြီး ရောဘတ်ဂိတ်တို့သည် ရှေ့ရက်သတ္တပတ်တွင် ဆိုးလ်မြို့သို့ရောက်ရှိမည်ဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

ကမ္ဘာ့ဈေးကွက်၌ ဒေါ်လာတန်ဖိုး အနည်းငယ်မြင့်တက်

ကမ္ဘာ့ငွေကြေးဈေးကွက်တွင် အမေရိကန်ဒေါ်လာတန်ဖိုး အနည်းငယ်မြင့်တက်လျက်ရှိရာ ဂျပန်နိုင်ငံ တိုကျိုငွေကြေးဈေးကွက်တွင် ဂျပန်ယန်း ၈၈ယန်းလျှင် အမေရိကန်တစ်ဒေါ်လာဖြစ်ခဲ့ကြောင်း ဇူလိုင် ၁၇ရက်၌ သတင်းထုတ်ပြန်သည်။

အစ္စရေးလုပ်ရပ်များကို စောင့်ကြည့်နေကြောင်း အီရန်ပြောကြား

ပါလက်စတိုင်း ဂါဇာကမ်းမြောင်ဒေသအတွင်း အစ္စရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်ကာ ဒေသခံပါလက်စတိုင်းတို့အား ဖမ်းဆီးမှုများ နေ့စဉ်ပြုလုပ်နေခြင်းကို မိမိတို့စောင့်ကြည့်နေကြောင်း၊ အစွန်းရောက်လုပ်ရပ်များဖြစ်ပါက မိမိတို့သည်းခံမည် မဟုတ်ကြောင်း အီရန်စစ်ဘက်ထိပ်တန်းအရာရှိတစ်ဦးက ဇူလိုင် ၁၇ရက်၌ ပြောကြားသည်။

ပူးတွဲစစ်ရေးလေ့ကျင့်မှုပြီးဆုံးဟု ဝန်ကြီးချုပ် ဟွန်ဆန်ပြောကြား

အမေရိကန်အပါအဝင် နိုင်ငံပေါင်း ၂၀ခန့်မှ တပ်ဖွဲ့ဝင်များ ပူးတွဲကာ စစ်ရေးလေ့ကျင့်မှုမှာ ဇူလိုင် ၁၇ရက်၌ ပြီးဆုံးပြီဖြစ်ကြောင်း ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်က မီဒီယာသမားများနှင့် တွေ့ဆုံစဉ် ပြောကြားသည်။

အင်ဒိုနီးရှားကမ်းလွန်၌ ငလျင်လှုပ်

အင်ဒိုနီးရှားနိုင်ငံ ဆူလာဝေစီပြည်နယ် ကမ်းလွန်တွင် ဇူလိုင် ၁၇ရက် နံနက်က ရစ်ချ်တာစကေး ၆ဒသမ၂ရှိ အင်အားပြင်း ငလျင်လှုပ်ခဲ့ကြောင်း၊ ဆူလာဝေစီ ပြည်နယ် အစိတ်အပိုင်းအချို့တွင် ငလျင်ဒဏ်အနည်းငယ် ခံစားရသည်မှအပ ထိခိုက်ပျက်စီးမှုမရှိကြောင်း အင်ဒိုနီးရှားအရာရှိများက ပြောကြားသည်။

ဆူဒန်မှ တရုတ်တပ်ဖွဲ့ဝင်များ ပြန်လည်ရောက်ရှိ

ဆူဒန်နိုင်ငံတွင် ငြိမ်းချမ်းရေးနှင့် တည်ဆောက်ရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ခဲ့သော တရုတ်နိုင်ငံမှ အင်ဂျင်နီယာတပ်ဖွဲ့ဝင်များအား လုပ်ငန်းတာဝန်များပြီးဆုံး၍ ပြန်လည်ရောက်ရှိလာပြီဖြစ်ကြောင်း တရုတ်အရာရှိများက ဇူလိုင် ၁၇ရက်၌ ပြောကြားသည်။

တရုတ်အရှေ့မြောက်ပိုင်း၌ ရေနံပိုက်လိုင်းမီးလောင်

တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း လျောင်နင်းပြည်နယ်တွင် ဇူလိုင် ၁၇ရက် နံနက်က ရေနံပိုက်လိုင်းပေါက်ကွဲ မီးလောင်မှုဖြစ်ပွားကြောင်း၊ အနီးဝန်းကျင်ရှိ နေအိမ်အချို့ မီးလောင်ခံရကြောင်း တရုတ်မီးသတ်တပ်ဖွဲ့က ပြောကြားသည်။

(အောက်ပုံ)

ကနေဒါ၌ လေယာဉ်ငယ်ပျက်ကျ

ကနေဒါနိုင်ငံ ကွီဘက်ပြည်နယ်တွင် ဇူလိုင် ၁၇ရက်က လေယာဉ်တစ်စင်း ပျက်ကျခဲ့ရာ လေးဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာ ရရှိခဲ့ကြောင်း၊ ရာသီဥတုဆိုးရွားမှုကြောင့် ပျက်ကျခြင်းဖြစ်ကြောင်း ကနေဒါလေကြောင်းဌာနက သတင်းထုတ်ပြန်သည်။

တရုတ်အရှေ့ပိုင်းရှိ သင်္ဘောကျင်း၌ ပေါက်ကွဲမှု ဖြစ်ပွား

တရုတ်နိုင်ငံအရှေ့ပိုင်း ကျန်စီပြည်နယ်ဟူကူစီရင်စုရှိ သင်္ဘောကျင်း၌ ဇူလိုင် ၁၇ရက်နံနက်က ပေါက်ကွဲမှုဖြစ်ပွားရာ ငါးဦးသေဆုံးပြီး အလုပ်သမားတစ်ဦး ပျောက်ဆုံးလျက်ရှိကြောင်း၊ ပေါက်ကွဲမှုနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးလျက်ရှိကြောင်း တရုတ်ရဲတပ်ဖွဲ့က ပြောကြားသည်။

အိန္ဒိယအလယ်ပိုင်း၌ မြေမြှုပ်မိုင်း ပေါက်ကွဲ

အိန္ဒိယနိုင်ငံ အလယ်ပိုင်း ဒါတီဟာခရိုင်တွင် ဇူလိုင် ၁၇ရက်က မြေမြှုပ်မိုင်းပေါက်ကွဲမှု ဖြစ်ပွားရာ ငါးဦးသေဆုံးခဲ့ကြောင်း အိန္ဒိယရဲတပ်ဖွဲ့က ပြောကြားသည်။ ။

(အင်တာနက်)

ဝန်ထမ်းပေါင်းစုံ သမဝါယမအသင်း တောင်ကြီး၌စည်းဝေး

တောင်ကြီး ဇူလိုင် ၁၇

ရှမ်းပြည်နယ်(တောင်ပိုင်း)အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမ အသင်းလီမိတက် **(GEC)**၏ နှစ်ပတ်လည် အသင်းသားစုံညီ အထွေထွေ အစည်းအဝေးကို ဇူလိုင် ၁၅ရက် နံနက်က တောင်ကြီး မြို့နယ် သမဝါယမ အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ အမှုဆောင်ဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌ ရှမ်းပြည်နယ် သမဝါယမ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကိုကိုနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ ပြည်နယ်၊ မြို့နယ်သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများ၊ အသင်းသား အသင်းသူများ စုံညီစွာတက်ရောက်ကြသည်။

ရှေးဦးစွာ ဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌမှ အဖွင့်အမှာစကားပြောကြားပြီး အမှုဆောင်အဖွဲ့ဝင် အတွင်းရေးမှူး ဦးမြလွင်က အသင်း၏ တစ်နှစ်တာ ဆောင်ရွက်ချက်များကိုလည်းကောင်း၊ အသင်းသား စာရင်းစစ်အဖွဲ့ခေါင်းဆောင် ဦးနေကျင်မှ စာရင်းစစ် အစီရင်ခံစာကိုလည်းကောင်း ဖတ်ကြားတင်သွင်းကြပြီး ရှေ့လုပ်ငန်းစဉ်များ ချမှတ်ကြသည်။

ရောင်းချ

တောင်ကြီးခရိုင် ဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းသည် အဖွဲ့ဝင် ၅၈၂၂ဦးနှင့် မတည်ရင်းနှီးငွေကျပ် ၁၁၁၁ဒသမ၉၆သိန်းဖြင့် သမဝါယမလုပ်ငန်းများ ဆောင်ရွက်ပြီး အသင်းသားများအား သက်သာသောနှုန်းထားများဖြင့် ဆန်၊ ဆီ စသည့် စားကုန်များကို ရောင်းချပေးလျက်ရှိသည်။ **(မြို့နယ် ပြန်/ဆက်)**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဒေါက်တာတင်အောင်အေး ရန်ကုန်မြောက်ပိုင်းခရိုင် ကော်မရှင်အဖွဲ့ခွဲဝင်များနှင့် တွေ့ဆုံဆွေးနွေး

ရန်ကုန် ဇူလိုင် ၁၇

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ရန်ကုန်တိုင်းတာဝန်ခံ ဒေါက်တာတင်အောင်အေး၊ ရန်ကုန်တိုင်းကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကိုကိုနှင့် ရန်ကုန်မြောက်ပိုင်းခရိုင် တာဝန်ခံများ၊ ရန်ကုန်မြောက်ပိုင်းခရိုင် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်အတွင်းရှိ မြို့နယ်ကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌများနှင့်တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲကို ဇူလိုင် ၁၆ရက် နံနက် ၈နာရီခွဲက ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ခရိုင်ကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲများမှ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို အစီရင်ခံတင်ပြပြီး ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာတင်အောင်အေးက လုပ်ငန်းများအပေါ် သုံးသပ်အကြံပြု ဆွေးနွေးသည်။ **(အပေါ်ပုံ)**

(ခရိုင် ပြန်/ဆက်)

ကျန်းမာရေးဝန်ကြီးဌာန ဓာတ်ခွဲခန်းဖွင့်ပွဲ အခမ်းအနား အောင်ဆန်းမြို့ တီဘီရောဂါကုဆေးရုံ၌ကျင်းပ

နေပြည်တော် ဇူလိုင် ၁၇

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန Biosafety Level-3 Laboratory ဓာတ်ခွဲခန်း ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၂ရက် နံနက် ၉နာရီက ရန်ကုန်မြို့ အင်းစိန်မြို့နယ် အောင်ဆန်းမြို့ တီဘီရောဂါကုဆေးရုံဝင်းအတွင်းရှိ အမျိုးသားမှီငြမ်းပြု တီဘီဓာတ်ခွဲဌာနရှေ့၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက် အားပေးချီးမြှင့်သည်။

ရှေးဦးစွာ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းမြင့်၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးဦးခင်မောင်ထွန်းနှင့် Foundation for Innovative New Diagnosis (FIND)မှ Chief Executive Officer, Dr. Giorgio Roscigno တို့က Biosafety Level-3 Laboratory ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာနသို့ FIND အဖွဲ့မှ Biosafety Level-3 Laboratory အထောက်အပံ့နှင့် ပစ္စည်းကိရိယာများ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို နံနက် ၁၀နာရီတွင် အမျိုးသားမှီငြမ်းပြု တီဘီဓာတ်ခွဲဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ FIND အဖွဲ့မှ Chief Executive Officer, Dr. Giorgio Roscigno က လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားရာ၌ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှဒေသတွင်း နိုင်ငံများအနက် တီဘီရောဂါတိုက်ဖျက်ရေးအတွက် Biosafety Level-3 Laboratory လုပ်ငန်း အောင်မြင်အောင် ဆောင်ရွက်နိုင်သည့် တစ်ခုတည်းသော နိုင်ငံဖြစ်ကြောင်း၊ တီဘီရောဂါလူနာများအတွက် များစွာအကျိုးရှိမည်ဖြစ်ကြောင်း ပြောကြားသည်။

လွှဲပြောင်းပေးအပ်

ယင်းနောက် Dr. Giorgio Roscigno က Biosafety Level-3 Laboratory နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ရာ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းမြင့်က လက်ခံသည်။

အဆိုပါ Biosafety Level-3 Laboratory အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအနေဖြင့် ငွေကျပ် ၅၉သန်း အကုန်အကျခံတည်ဆောက် ဖွဲ့စည်းထားရှိပြီး FIND အဖွဲ့အနေဖြင့် တီဘီရောဂါရှာဖွေကုသရေးအတွက် အမေရိကန်ဒေါ်လာ ၂ ဒသမ ၇၅ သန်းတန်ဖိုးရှိ ဓာတ်ခွဲခန်းအထောက်အပံ့၊ ပစ္စည်းကိရိယာများနှင့် လိုအပ်သောသင်တန်းများ ပေးခြင်းအတွက် လှူဒါန်းခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၁၈-၇-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၁၀ ၃။ ဓမ္မပူဇာတေး
၇:၂၀ ၄။ မျိုးချစ်တပ်မတော်
၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ မြဝတီအဖွင့်
၁၁:၀၅ ၂။ အဖွင့်သီချင်း
၁၁:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၁:၂၀ ၄။ ကာတွန်းအစီအစဉ် **အမြှာစုံထောက်** (အပိုင်း-၂၂)
၁၁:၃၅ ၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မေတ္တာစက်ဝန်း**
၁၂:၃၀ ၆။ ကျန်းမာသုတ
၁၄:၀၀ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြင်နာသူရဲ့ချစ်ရိပ်** (အပိုင်း-၅၃)

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၅ ၄။ မြတ်နိုးကြစေအမျိုးသားအမွေ
၄:၃၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄:၄၅ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
၄:၅၅ ၇။ သံစဉ်များနှင့်ကမ္ဘာ
၆:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၀ ၉။ အမျိုးသားရေးတေးကဗျာ
၆:၃၀ ၁၀။ ဘဝကြေးမုံ **မေတ္တာရောင်ပြန် မဟာပ်နေထင့်** (အပိုင်း-၁) မင်းဦး၊ ခိုင်ပွင့်၊ ဆဲဗင်း(IC)
၆:၅၀ ၁၁။ ဂင်းနက်စ် ကမ္ဘာ့စံချိန်တင် ပြိုင်ပွဲများ
၇:၀၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လေဟုန်ခွင်းတဲ့သူရဲကောင်း** (အပိုင်း-၃၁)
၈:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၁၄။ နိုင်ငံတကာသတင်း
၁၅။ မိုးလေဝသသတင်း
၁၆။ အမျိုးသားရေးတေးကဗျာ
၁၇။ ကျန်းမာသုတ
၁၈။ ပဟေဠိနန်းတော်
၁၉။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ခေတ်တစ်ခေတ်ရဲ့သူရဲကောင်း** (အပိုင်း-၆၂)
၂၁။ **လင်းရောင်စဉ်အတွက်ပုံရိပ်များ** (အပိုင်း-၁၁)

အိမ်၊ ရုံး၊ ဟိုတယ်အလှဆင်လိုသူများအတွက် ဈေးရောင်းပွဲ ဖွင့်လှစ်ရောင်းချ

ရန်ကုန် ဇူလိုင် ၁၇

Nat Ray Co., Ltd. ၏ လုပ်ငန်းခွဲ တစ်ခုဖြစ်သည့် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကိုးမိုင် ပြည်လမ်း အမှတ်(၂၂)ရှိ Casabella Luxury Home Funishing Center ၌ Great Casabella Sales ပွဲတော်ကို ဇူလိုင် ၁၆ရက်မှ ၁၈ရက်၊ နေ့စဉ် နံနက် ၉နာရီမှ ည ၈နာရီအထိ ဖွင့်လှစ်ရောင်းချလျက်ရှိရာ **(အောက်ပုံ)** Casabella Luxury Home Funishing Center မှ ကမ္ဘာ့နာမည်ကြီး တံဆိပ်များဖြစ်သော LOREZO Leather ဆိုဖာများ၊ Dining Furniture များ၊ Dunlopillo မွေ့ရာမျိုးစုံ၊ Aussion အမှတ်တံဆိပ် နောက်ဆုံးပေါ် အိပ်ရာခင်းနှင့် အိပ်ရာအခမ်းအနား အသုံးအဆောင် ပစ္စည်းများ၊ OSIM Healthy Lifestyle အလှအပနှင့် ကျန်းမာရေး ပစ္စည်းများ၊ ဂျာမနီနိုင်ငံလုပ် WMF အမှတ်တံဆိပ်အဆင့်မြင့် မီးဖိုချောင်သုံး ပစ္စည်းများ၊ GYM နှင့် အားကစားပစ္စည်းမျိုးစုံ၊ ê KO ခေတ်မီရုံးသုံးပရိဘောဂများ၊ Designer ခန်းဆီးလိုက်ကာ၊ ကော်ဇောနှင့် Wall-paper များ၊ နေအိမ်၊ ရုံးနှင့်ဟိုတယ်များအတွက် လိုအပ်သော ပရိဘောဂနှင့် အသုံးအဆောင်ပစ္စည်းများကို ဝယ်ယူရရှိနိုင်မည်ဖြစ်သည်။ အထူးအစီအစဉ်ဖြင့် ဝယ်ယူသူများအား ၁၀ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအထိ အမျိုးအစားအလိုက် လျှော့ဈေးဖြင့် ရောင်းချပေးမည်ဖြစ်သည်။

ရောင်းချ

Casabella Mandalay ဆိုင်ကို အမှတ် D-5 မန်းမြန်မာဆောင် ၇၈ လမ်း (၂၇လမ်းနှင့် ၂၈ လမ်းကြား) ဖုန်း-၀၂-၇၂၃၄၂တွင် ဖွင့်လှစ်ရောင်းချပေးလျက်ရှိပြီး Casabella Yangon ဆိုင်ကို Great Casabella Sales ပွဲတော်အပြီးတွင် ဆက်လက်ဖွင့်လှစ် ရောင်းချမည်ဖြစ်ရာ ဖုန်း-၉၅-၁-၆၆၄၃၆၃ နှင့် ၆၆၀၇၆၉ E-mail: nr-casabella@ myanmar. com. mm ဖြင့် ဆက်သွယ်ဝယ်ယူရရှိနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ မြို့မဈေးကြီး၌ ဇူလိုင် ၅ရက်က ဈေးများ လုံခြုံမှုစစ်ဆေးရေးအဖွဲ့က ကြီးကြပ်လျက် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်စဉ်။

(မြို့နယ်စည်ပင်)

ပြည်သူများကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း စလင်းမြို့၌ ကွင်းဆင်းဆောင်ရွက်

စလင်း ဇူလိုင် ၁၇

မကွေးတိုင်း စလင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ဦးဆောင်မှုဖြင့် ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းအဖြစ် ခြင်နှင့်ပိုးလောက်လမ်း နှိမ်နင်းရေး၊ ဖုံး၊ သွန်၊ လဲ၊ စစ်စီမံချက်ကို ပေါင်းပင်ဇင်းရပ်ကွက်နေ ပြည်သူများ၏ နေအိမ်များသို့ လက်တွေ့ကွင်းဆင်း ဆောင်ရွက်မှုကို ဇူလိုင် ၅ရက်က စုပေါင်းဆောင်ရွက်ကြသည်။

ကွင်းဆင်းဆောင်ရွက်

ယင်းသို့ ဆောင်ရွက်ရာတွင် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်နေဇာဝင်းနှင့် အသင်းဝင်များ၊ ကျန်းမာရေးဌာန မြို့နယ်သူနာပြု ဆရာမ ဒေါ်ဌေးဌေးဝင်းနှင့် ဝန်ထမ်းဆရာမများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး ဒုတိယ ဦးစီးမှူး ဒေါ်စိုးစိုးသန်းနှင့် ဝန်ထမ်းများလိုက်ပါ၍ အဖွဲ့ငယ်များခွဲကာ ကွင်းဆင်းဆောင်ရွက်ကြကြောင်း သိရသည်။ **(အပေါ်ပုံ)** **(မြို့နယ်စည်ပင်)**

မြန်မာ့ရုပ်ရှင်လောက အဆင့်အတန်းတိုးတက်မြင့်မားစေရေး နိုင်ငံတော်မှဖြည့်ဆည်းပေးထားသည့် ခေတ်မီအရည်အသွေးမြင့် ရုပ်ရှင်စက်ပစ္စည်းများအသုံးပြု ပိုမိုတိုးတက်သောနည်းပညာများကို မျက်ခြည်မပြတ် ဆက်လက်ဆည်းပူးလေ့လာ

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း မြန်မာ့ရုပ်ရှင်လုပ်ငန်း နှစ်(၄၀)မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း ၂၀၀၉-၂၀၁၀ခုနှစ်အတွက် နိုင်ငံတော်မှ ချီးမြှင့်သည့် ပြည်သူ့ဝန်ထမ်းကောင်းဆုတံဆိပ် ရရှိသော မြန်မာ့ရုပ်ရှင်လုပ်ငန်း ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေး ဗဟိုကော်မတီရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနိုင်အား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ရန်ကုန် ဇူလိုင် ၁၇

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်း နှစ်(၄၀)မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဗဟိုပုံနှိပ်စက်ရုံ အစည်းအဝေးခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း တက်ရောက်၍ အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ အကြံပေးပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံး၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့တို့မှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ရုပ်ရှင်နှင့် ဗီဒီယိုဆင်ဆာအဖွဲ့ဝင်များ၊ ရုပ်ရှင်၊ ဗီဒီယိုနှင့် ရုပ်မြင်သံကြားထုတ်လွှင့်မှုလုပ်ငန်းရှင်များ၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဦးကျော်ဆန်းက မြန်မာ့ရုပ်ရှင်လုပ်ငန်းအနေဖြင့် ၂၀၀၉-၂၀၁၀ ခုနှစ်တွင် ချမှတ်ထားသည့် လုပ်ငန်းတာဝန် (၁၁)ရပ်အပေါ် အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည့်အတွက် အရာထမ်း၊ အမှုထမ်းများအား ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်း။

ထိန်းသိမ်းကာကွယ်

ရုပ်ရှင်ဆင်ဆာ၊ ဗီဒီယိုဆင်ဆာအဖွဲ့ဝင်များသည် ရုပ်ရှင်နှင့် ဗီဒီယိုလောက ဖွံ့ဖြိုးတိုးတက်ရေး၊ မိမိတို့၏ ယဉ်ကျေးမှုအမွေအနှစ်များ မထိခိုက်မပျက်ယွင်းအောင် ထိန်းသိမ်းကာကွယ်ရေးတို့အတွက် စေတနာထား၍ အပင်ပန်းခံဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါကြောင်း။

ရုပ်ရှင်၊ ဗီဒီယိုထုတ်လုပ်သူများသည် ပြည်သူများအား ဖျော်ဖြေရေးနှင့် အသိပညာဗဟုသုတများတိုးပွားရေးအတွက် ရုပ်ရှင်၊ ဗီဒီယိုဇာတ်ကားကောင်းများကို ပိုမိုကြိုးစားထုတ်လုပ်နိုင်ရန် နိုင်ငံတော်နှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့က ကူညီပံ့ပိုးမှုများ ပြုလုပ်ပေးလျက်ရှိကြောင်း။

ရုပ်ရှင်ဆင်ဆာ၊ ဗီဒီယိုဆင်ဆာအဖွဲ့နှင့် ရုပ်ရှင်၊ ဗီဒီယိုထုတ်လုပ်သူများသည် ရုပ်ရှင်၊ ဗီဒီယိုလောက မြင့်မားတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ယခုထက် ပိုမို၍ ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်သွားကြစေလိုကြောင်း။

ပူးပေါင်းဆောင်ရွက်

ယနေ့ ရုပ်ရှင်၊ ဗီဒီယိုလောက ဖွံ့ဖြိုးတိုးတက်မှုကို ဆွဲချနေသည်မှာ ခိုးကူးခွေကိစ္စပင်ဖြစ်ကြောင်း၊ ခိုးကူးခွေကိစ္စကို နည်းပညာ၊ ဥပဒေစည်းမျဉ်း၊ စည်းကမ်းစသည့် နည်းလမ်းအသွယ်သွယ်ဖြင့် ပပျောက်အောင် ကြိုးပမ်းသွားကြရမည်ဖြစ်ပြီး ရုပ်ရှင်၊ ဗီဒီယိုလောကသားများအားလုံးက စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်သွားကြစေလိုကြောင်း။

မှာကြား

မြန်မာ့ရုပ်ရှင်လောက အဆင့်အတန်းတိုးတက်မြင့်မားစေရေးအတွက် နိုင်ငံတော်မှ ဖြည့်ဆည်းပေးထားသည့် ခေတ်မီအရည်သွေးမြင့် ရုပ်ရှင်စက်ပစ္စည်းကိရိယာများ၏ စွမ်းဆောင်ရည်ကို အကျိုးရှိရှိ အသုံးပြုသွားရန်နှင့် ပိုမိုတိုးတက်သော နည်းပညာများကို မျက်ခြည်မပြတ် ဆက်လက်ဆည်းပူးလေ့လာသွားကြရန် ဝန်ထမ်းများအား တိုက်တွန်း မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ဆုများပေးအပ်

ထို့နောက် ဝန်ကြီးဦးကျော်ဆန်းက ၂၀၀၉-၂၀၁၀ခုနှစ်အတွက် နိုင်ငံတော်မှ ချီးမြှင့်သည့် ပြည်သူ့ဝန်ထမ်းကောင်းဆုတံဆိပ်ရရှိကြသော မြန်မာ့ရုပ်ရှင်လုပ်ငန်း ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးဗဟိုကော်မတီရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနိုင်၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဇာတ်လမ်းရုပ်ရှင်ရုံးခွဲမှ စာရင်းကိုင်(၁) ဒေါ်မြသက်ကြူ၊ ရုပ်ရှင်ဆင်ဆာအဖွဲ့မှ စာရင်းကိုင်(၁) ဒေါ်ခင်မျိုးဝေ၊ ဇာတ်လမ်းရုပ်ရှင်ရုံးခွဲမှ ကြီးကြပ်ရေးမှူး (တည်းဖြတ်) ဒေါ်နုနုအေး (ကိုယ်စား) ဒုတိယညွှန်ကြားရေးမှူး ဦးစန်းနွယ်၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း စစ်တွေပြသမှုဌာနခွဲမှ လက်ထောက်ကြီးကြပ်ရေးမှူး (ပြစက်) ဦးမောင်လှ(ကိုယ်စား) ဒုတိယညွှန်ကြားရေးမှူး ဦးဆွေသန်းနှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်းရုံးချုပ်မှ အမှုတွဲထိန်း ဦးမြင့်စိုးတို့အား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ဂုဏ်ပြုဆု

ဆက်လက်၍ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်က ဗဟိုဝန်ထမ်းတက္ကသိုလ်၌ ဖွင့်လှစ်သည့် အရာထမ်းလောင်း အခြေခံသင်တန်း အမှတ်စဉ်(၇)တွင် သင်တန်းသားစံပြဆု၊ သင်တန်းသားစစ်ရေးပြ ထူးချွန်ဆုနှင့် သေနတ်ပစ်ထူးချွန်ဆုရရှိကြသောအရာထမ်း နှစ်ဦးနှင့် ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ်အတွင်း လျာထားချက်ကျော်လွန်၍ ဘဏ္ဍာငွေအများဆုံးရှာဖွေရရှိခဲ့ကြသော ရုံးခွဲသုံးရုံးဖြစ်သည့် မြန်မာ့ရုပ်ရှင်လုပ်ငန်း ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေး ဗဟိုကော်မတီရုံး၊ ရန်ကုန်ရုံးခွဲနှင့် ဇာတ်လမ်းရုပ်ရှင်ရုံးခွဲတို့မှ တာဝန်ရှိသူများအား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးက ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ်အတွင်း လျာထားချက်ထက် ကျော်လွန်၍ ဘဏ္ဍာငွေအများဆုံး ရှာဖွေရရှိခဲ့ကြသည့် ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီ (ဗဟို) ကွပ်ကဲမှုအောက်ရှိ ရန်ကုန်တိုင်း ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီ၊ မန္တလေးလုပ်ငန်းစုရုံးနှင့် မွန်ပြည်နယ် မော်လမြိုင်လုပ်ငန်းစုရုံးတို့အား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ပေးအပ်

ထို့နောက် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း အထွေထွေမန်နေဂျာ ဦးရဲတင့်က မြန်မာ့ရုပ်ရှင်လုပ်ငန်း၏ နှစ်(၄၀)မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ဝန်ထမ်းများအား တူညီဝတ်စုံများကို ပေးအပ်သည်။

ယင်းနောက် ဝန်ကြီးဦးကျော်ဆန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများက မြန်မာ့ရုပ်ရှင်လုပ်ငန်း၏ နှစ်(၄၀)မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် မြန်မာ့ရုပ်ရှင်လုပ်ငန်း ဝန်ထမ်းများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အရှေ့ပိုင်းဒေသများ၌ မိုးပိုလာနိုင်

နေပြည်တော် ဇူလိုင် ၁၇

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက မကွေးတိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်ကျား၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေသည်။

ထူးခြားသည့်အခြေအနေမှာ ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁၂နာရီခွဲတိုင်းထွာချက်များအရ ယမန်နေ့က တောင်တရုတ်ပင်လယ်ပြင်တွင်ဖြစ်ပေါ်နေသော အားကောင်းသည့် အပူပိုင်းမုန်တိုင်း (ကွန်ဆွန်)သည် တောင်တရုတ်ပင်လယ်ပြင် တုံကင်ပင်လယ်ကွေ့သို့ ရောက်ရှိပြီး ဗီယက်နမ်နိုင်ငံ ဟန္ဒိုင်းမြို့၏အရှေ့တောင်ဘက် မိုင် ၁၄၀ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါမုန်တိုင်းသည် အနောက်မြောက်ဘက်သို့ ရွေ့လျားပြီး နောက်၁၂နာရီအတွင်း ဗီယက်နမ်နိုင်ငံ မြောက်ပိုင်းကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်မည်ဟု ခန့်မှန်းရသည်။

ဇူလိုင် ၁၈ရက်ညနေအထိခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် မိုးပိုလာမည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၂ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၇ရက်၊ (အဖိတ်နေ့)
၁၈-၇-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	အဂ္ဂိဇယမင်္ဂလာ (ယဉ်ဝေယံထွန်း၊ တေးရေး- ဂီတစာဆိုမျိုးနွယ်ဆွေ)
၇:၅၀	၅။	သံသာချိုအေးမင်္ဂလာတေး
၈:၀၅	၆။	ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၈:၁၅	၇။	အဆိုပြိုင်ပွဲ
၈:၂၅	၈။	**သုံးပင်နှစ်ဆယ်**
၈:၄၀	၉။	International News
၈:၄၅	၁၀။	တေးဂီတအစီအစဉ်
၉:၀၀	၁၁။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀	၁။	စစ်သည်တေး
၁၁:၁၀	၂။	တေးဂီတအစီအစဉ်
၁၁:၂၀	၃။	တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၃၀	၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **မပြယ်သောချစ်ခြင်း မနွမ်းသောမေတ္တာ**(အပိုင်း-၂၆)
၁၂:၃၀	၅။	Golf Magazine(TV)
၁၂:၅၀	၆။	မြန်မာဗီဒီယိုဇာတ်လမ်း **အဖြူရောင်ဘဝများ** ကျော်ဟိန်း၊ မေသန်းနု၊ ခွန်းဆင့်နေခြည် (ဒါရိုက်တာ- စိုးကျော်ဆန်း)
၁၄:၃၅	၇။	မူဟန်သွယ်သွယ်ဆိုကြမယ်
၁၄:၅၀	၈။	International News
၁၅:၀၀	၉။	အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄:၁၀	၂။	တေးဂီတအစီအစဉ်
၄:၂၅	၃။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၄:၃၅	၄။	အတီးပြိုင်ပွဲ
၄:၅၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (အင်္ဂလိပ်စာ အထူးပြု) (အင်္ဂလိပ်စာ)
၅:၀၅	၆။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅:၁၅	၇။	ဆိုကြမယ် ပျော်ကြမယ်
၆:၀၀	၈။	ညနေခင်းသတင်း
၆:၁၅	၉။	မိုးလေဝသအခြေအနေ
၆:၂၀	၁၀။	ကာတွန်းအစီအစဉ် **Bugs' Adventures** (အပိုင်း-၂၀)
၆:၃၅	၁၁။	တစ်မျက်နှာတစ်ကွက်စာ **လက်ဆောင်** ရဲသီဟကို၊ ဇေယျာထက်နိုင်၊ ချမ်းမီမီကို [ဒါရိုက်တာ- မေတင်(MMG)]
၆:၅၀	၁၂။	တေးဂီတအစီအစဉ်
၇:၀၀	၁၃။	နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်မိတာခွင့်လွှတ်ပါ** (အပိုင်း- ၂၂)
၈:၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	သွေး(အေဝမ်းစိုးမြင့်အဖွဲ့၊ တေးရေး- ကိုညွန့်ဝေ၊ မောင်ထွန်းမင်း)
	၁၈။	ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (အပိုင်း-၄၃)
	၁၉။	နိုင်ငံခြားဇာတ်လမ်းတွဲ **ရေဆုံးမြေဆုံး** (အပိုင်း-၄)
	၂၀။	အစီအစဉ်ပြီး၏။

ဝန်ထမ်းများ၏ ထူးချွန်သားသမီးများအား ဂုဏ်ပြုပွဲကျင်းပ ရထားပို့ဆောင်ရေးဝန်ကြီးဦးအောင်မင်း တက်ရောက်ဆုချီးမြှင့်

နေပြည်တော် ဇူလိုင် ၁၇

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ဝန်ထမ်းများ၏ သားသမီးများအား ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားကို ဇူလိုင် ၁၃ရက် နံနက်ပိုင်းက နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်း တက်ရောက်အားပေးသည်။

ရှေးဦးစွာ ဝန်ကြီးက ခြောက်ဘာသာ ဂုဏ်ထူးရရှိသော ကျောင်းသား ကျောင်းသူ သုံးဦးအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီးနောက် ဒုတိယဝန်ကြီး သူရ ဦးသောင်းလွင်က ငါးဘာသာဂုဏ်ထူး ရရှိသော ကျောင်းသား ကျောင်းသူကိုးဦးနှင့် ဒုတိယဝန်ကြီးဦးဖေသန်းက လေးဘာသာ ဂုဏ်ထူးရရှိသော ကျောင်းသားကျောင်းသူ ၂၆ ဦးတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

အောင်မြင်ခဲ့

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန အောက်ရှိ ဝန်ထမ်းများ၏ သားသမီးများသည် ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာ ဂုဏ်ထူးရှင်သုံးဦး၊ ငါးဘာသာ ဂုဏ်ထူးရှင် ကိုးဦး၊ လေးဘာသာဂုဏ်ထူးရှင်၂၆ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၇ဦး၊ နှစ်ဘာသာ ဂုဏ်ထူးရှင် ၂၉ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၇၇ဦးနှင့် ရိုးရိုးအောင်မြင်သူ ၅၉၇ဦး စုစုပေါင်း ၇၅၈ဦး အောင်မြင်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဦးအောင်မင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာန ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ခြောက်ဘာသာဂုဏ်ထူးရှင်တစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

Free Training Camp အတွက် မြန်မာလူငယ်ဂျူဒိုအဖွဲ့ ထိုင်းနိုင်ငံသို့ထွက်ခွာ

ရန်ကုန် ဇူလိုင် ၁၇

၂၀၁၀ ခုနှစ် ဇူလိုင် ၁၇ရက်မှ ၂၉ရက်အထိ Asia Olympic Council နှင့် Judo Union of Asia တို့ ပူးပေါင်း၍ Asia Youth Development Project ဖြင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပမည့် Asia Youth Judo Camp(Free Training Camp)သို့ ဝင်ရောက်မည့် မြန်မာလူငယ်လက်ရွေးစင်ဂျူဒိုအဖွဲ့သည် ဇူလိုင် ၁၅ရက်က ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထိုင်းနိုင်ငံသို့ ထွက်ခွာသွားသည်။

လိုက်ပါ

မြန်မာလူငယ်လက်ရွေးစင် ဂျူဒိုအဖွဲ့တွင် နည်းပြအဖြစ် ဒေါ်ခင်မူမူ(ဆောက်လုပ်ရေးဝန်ကြီးဌာန)နှင့် လူငယ်အားကစားသမားများအဖြစ် ချစ်မင်းမင်းကို (အားကစားနှင့် ကာယပညာသိပ္ပံ-ရန်ကုန်)နှင့် ကြူကြူအေး (အားကစားနှင့် ကာယပညာသိပ္ပံ-ရန်ကုန်)တို့ လိုက်ပါသွားကြကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)**

(သတင်းစဉ်)

အခြေခံပညာ ညွှန်ကြားရေးမှူးချုပ် စစ်ကိုင်းတိုင်း ကန့်ဘလူနှင့် ရွှေဘိုမြို့နယ် အခြေခံပညာကျောင်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၇

အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်သည် စစ်ကိုင်းတိုင်း တိုင်းပညာရေးမှူးနှင့်တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၁၄ရက်က ကန့်ဘလူမြို့နယ်အတွင်းရှိ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ ဇီးကုန်းအခြေခံပညာအထက်တန်းကျောင်း၊ ကာဘိုး အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ ထန်းကုန်းအခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ နတ်ပေးအခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၊ အမှတ်(၅) အခြေခံပညာမူလတန်းလွန်ကျောင်း၊ အမှတ်(၂) အခြေခံပညာ မူလတန်းကျောင်းနှင့် အမှတ်(၄)အခြေခံပညာ မူလတန်းကျောင်းတို့သို့လည်းကောင်း၊ ဇူလိုင် ၁၅ရက်တွင် ရွှေဘိုမြို့နယ်အတွင်းရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ကျောက်မြောင်း အခြေခံပညာအထက်တန်းကျောင်း၊ တအုံ အခြေခံပညာ အလယ်တန်းကျောင်း၊ အုန်းပေါက် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၊ ချီပါ(မြောက်)အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)၊ မင်းကျောင်း အခြေခံပညာ မူလတန်းကျောင်းနှင့် ပရိုးကုန်း အခြေခံပညာမူလတန်းကျောင်းတို့သို့လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ညွှန်ကြားရေးမှူးချုပ်သည် အခြေခံပညာကျောင်းများသို့ ကြည့်ရှုစစ်ဆေးစဉ် ကျောင်းသား ကျောင်းသူများ၏ စာပေသင်ကြားသင်ယူမှု အခြေအနေ၊ ကျောင်းနှင့်ဝန်းကျင် သန့်ရှင်းသပ်ရပ်မှုအခြေအနေနှင့် ကျောင်းအဆောက်အအုံများ အခြေအနေတို့ကိုပါ ကြည့်ရှုစစ်ဆေးခဲ့ကာ လိုအပ်သည်များ စီမံဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇွန် ၁၆ရက်က လွယ်ဂျယ်မြို့ စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော မြို့ရေပေးရေးလုပ်ငန်းနှင့် ရေဖြန့်ဝေပိုက်လိုင်းများ သွယ်တန်းခြင်းကို တာဝန်ခံအင်ဂျင်နီယာ ဦးမိုင်းရင် ဆောင်ရွက်လျက်ရှိရာ မြို့နယ်တာဝန်ခံ ဦးစောသီဟ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ဟိုတယ်လုပ်ငန်းဆိုင်ရာသင်တန်းများဖွင့်မည်

ရန်ကုန် ဇူလိုင် ၁၇

SANTINI International Training Academy မှ ဖွင့်လှစ်သင်ကြားလျက်ရှိသည့် သင်တန်းများအနက် ကာလတိုတစ်လခွဲသင်တန်းများဖြစ်သော Front Desk Representative, Guestroom Attendant, Restaurant Sever, Barista Skills, Commercial Aviation, Bartender & Arts of Mixology and Banquet Set up and Catered Events များ ရုံးဝန်ထမ်းများ အဆင်ပြေစေရန် ရုံးချိန်ပြင်ပ စာသင်ချိန်များအသွင်ဖြင့် IT သင်တန်းများအပြင် ကာလရှည်လေးလသင်တန်းဖြစ်သော Managing Front Office Operationတို့ကို ဩဂုတ်လတွင် ဖွင့်လှစ်မည်ဖြစ်သည်။

သင်ကြားပေး

သင်ရိုးများမှာ စာတွေ့နှင့် လက်တွေ့အချိုးညီပြီး အဖွဲ့လိုက်လှုပ်ရှားမှုများ၊ Power Point Presentation များ၊ Video Presentation များအပြင် မှုရင်းပြဋ္ဌာန်းစာအုပ်များဖြင့် သင်ကြားပေးကြောင်းသိရသည်။

ရွေးချယ်ခန့်ထား

မိုးရာသီအထူးအစီအစဉ်အနေဖြင့် သင်တန်းများအားလုံးကို ၂၀ ရာခိုင်နှုန်းလျှော့ဈေးအပြင် Full Schoolarship ရရှိမည့် အခွင့်အရေးလည်းရှိကြောင်း၊ သင်တန်းပြီးဆုံးသွားသော သင်တန်းသားများကိုလည်း ပြည်တွင်းပြည်ပရှိ အဆင့်မြင့်ဟိုတယ်နှင့် ဝန်ဆောင်မှုလုပ်ငန်းများမှ ခေါ်ယူအလုပ်ခန့်ထားရန် စိတ်ဝင်စားနေကြပြီး ရွေးချယ်ခန့်ထားရသူများလည်းရှိကြောင်း သိရသည်။

ဆက်သွယ်နိုင်

အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အမှတ် ၁၇၀/၁၇၆ နယူးဧရာ ဟိုတယ် ဗိုလ်အောင်ကျော်လမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်(အာလာဒင်ဂိမ်းစင်တာအနီး) Email: info @ santinitraining. com admin @ santinitraining. com, website: www. santinitraining. com ဖုန်း-၃၈၃၇၃၉၊ ၃၈၃၃၇၄၀နှင့် ၂၅၆၉၃၈~၄၄ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ရွှေကူမြို့နယ် စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီ နှစ်ပတ်လည်အစည်းအဝေးနှင့် ထောက်ပံ့ငွေပေးအပ်ပွဲကျင်းပ

ရွှေကူ ဇူလိုင် ၁၇

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့၏ နှစ်ပတ်လည်အစည်းအဝေးနှင့် ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို ဇွန် ၁၁ ရက် နံနက် ၁၀ နာရီက မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ရုံးခန်းမ၌ ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးစိုးလှိုင်၊ ဒုတိယဗိုလ်မှူးကြီးဝဏ္ဏအောင်၊ မြို့နယ်အတွင်းရေးမှူး ဦးဆန်းဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဆန်းထူးနှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ပေးအပ်

အဆိုပါ အခမ်းအနားတွင် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ နာယက ဒုတိယဗိုလ်မှူးကြီးစိုးလှိုင်၊ ဒုတိယဗိုလ်မှူးကြီးဝဏ္ဏအောင်နှင့် မြို့နယ်အတွင်းရေးမှူးဦးဆန်းဦးတို့က အမှာစကားပြောကြားပြီး နှစ်ပတ်လည်အစီရင်ခံစာကို မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ အတွင်းရေးမှူးဦးချစ်ဆွေကလည်းကောင်း၊ အဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဆန်းထူးက ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းများကိုလည်းကောင်း ရှင်းလင်းပြောကြားပြီး သက်ကြီးစစ်မှုထမ်းဟောင်း ထောက်ပံ့ငွေကျပ် ၄၀၀၀၀၊ မသန်စွမ်းစစ်မှုထမ်းဟောင်း ထောက်ပံ့ငွေကျပ် ၅၅၀၀၀၊ စစ်မှုထမ်းဟောင်းအဖွဲ့မိသားစုဝင်များ၏ သားသမီးများအား ပညာသင်စရိတ်ထောက်ပံ့ငွေကျပ် ၆၁၁၀၀၀ကို ပေးအပ်သည်။

(မြို့နယ် ပြန်/ဆက်)

ထူးချွန်ကျောင်းသားကျောင်းသူများအား ဆောမြို့၌ ဂုဏ်ပြုဆုများချီးမြှင့်

ဆော ဇူလိုင် ၁၇

မကွေးတိုင်း ဂန့်ဂေါခရိုင် ဆောမြို့တွင် ၂၀၀၉-၂၀၁၀ ပညာသင်နှစ်၏ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုအောင်မြင်သူများအနက် ဂုဏ်ထူးရ ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုပွဲ အခမ်းအနားကို ၂၀၁၀ခုနှစ် ဇူလိုင် ၁၀ရက် ဆောမြို့ အခြေခံပညာအထက်တန်းကျောင်း သီဟသူရညီအေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးညွှန့်ဟန် အဖွင့်အမှာစကားပြောကြားပြီး ဂုဏ်ထူးရသူများအား ရရှိဘာသာအလိုက်နှင့် အောင်ချက်အကောင်းဆုံး သုံးကျောင်းကိုလည်းကောင်း၊ ဘာသာရပ်အလိုက် သင်ပြပေးသော ဆရာ ဆရာမများအားလည်းကောင်း ဂုဏ်ပြုငွေနှင့် ဂုဏ်ပြုလက်မှတ်များကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ **(ယာပုံ)** နှင့် ဌာနဆိုင်ရာများမှ တက်ရောက်လာသူများက ချီးမြှင့်ခဲ့သည်။ ဆောမြို့နယ်မှ ဂုဏ်ထူးရရှိသူများမှာ ငါးဘာသာ ဂုဏ်ထူးရှင် နှစ်ဦး၊ သုံးဘာသာ လေးဦး၊ နှစ်ဘာသာ ၁၅ဦး၊ တစ်ဘာသာ ၄၃ဦး စုစုပေါင်း ဂုဏ်ထူးရှင် ၆၄ဦး ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကြွက်ကာကွယ်နှိမ်နင်းရေးနှိုးဆော်ချက်

မိုးဦးအစတွင် ရိုးမများအတွင်း မှီခိုနေထိုင်သော ကြွက်ဝမ်းဖြူများသည် ဒေသနှင့်ဝါးမျိုးကွဲအလိုက် ဝါးပန်းပွင့်ခြင်း၊ ဝါးသုဉ်းခြင်းတို့ကြောင့် မျိုးပွားနှုန်းမြင့်မားလာခြင်းနှင့် ရိုးမအတွင်း အစားအစာရှားပါး လာခြင်းတို့ကြောင့် စပါးပျိုးခင်းနှင့် စိုက်ခင်းများရှိရာ မြေပြန့်သို့ အုပ်စုလိုက် ရွှေ့ပြောင်း၍ ပျိုးခင်းမှ စပါးစေ့နှင့် ပျိုးပင်ငယ်များကို စားသောက်ဖျက်ဆီးလာနိုင်သည်။

ကြွက်ကျရောက်ဖျက်ဆီးပါက အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ကြရန် ဖြစ်သည် -

- လူနေအိမ်နှင့်စိုက်ခင်းများအတွင်း ကြွက်ခိုအောင်းနိုင်သော နေရာများအား သန့်ရှင်းရေး ဆောင်ရွက်ခြင်း၊
- ကြွက်ကျင်းများ တူးဖော်နှိမ်နင်းခြင်း၊
- ကြွက်ကျင်းများထဲသို့ မီးခိုးမှိုင်းတိုက်ခြင်း၊ ရေလောင်းထည့်ခြင်း၊
- တစ်ကွင်းတစ်စပ်တည်းတွင် လူထုလှုပ်ရှားမှုအသွင်ဖြင့် ခြောက်လှန့် ရှာဖွေဖမ်းဆီးခြင်း၊
- ထောင်ချောက်အမျိုးမျိုးအသုံးပြု နှိမ်နင်းခြင်း၊
- လိုအပ်ပါက ကြွက်သတ်ဆေးချ၍ ကာကွယ်နှိမ်နင်းခြင်း၊

အကူအညီလိုအပ်ပါက နီးစပ်ရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းဌာနများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

လိန်းလီကြိုးတံတားကြီး၏ အဓိကကြိုးကြီး တပ်ဆင်ရန် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ မြန်မာအင်ဂျင်နီယာများနှင့် လုပ်သားကြီးများ ဆောင်ရွက်နေကြစဉ်။

✱ ရှေ့ဖုံးမှ

ယခုအခါ ဧရာဝတီမြစ်ကြီးပေါ်တွင် တံတားကြီးငါးစင်းနှင့် နေပြည်တော်ပျဉ်းမနား-ပင်လောင်းကားလမ်း မိုင်တိုင်အမှတ် ၄၂မိုင် ၆ဖာလုံတွင် လိန်းလီကြိုးတံတားကြီးကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တည်ဆောက်လျက်ရှိကြောင်း ကြားသိရသဖြင့် ကျွန်တော်သည် သတင်းသွားရောက်ရယူရန် လမ်းအထူးအဖွဲ့(၁၃)မှ စီစဉ်ပေးသည့် ကားကလေးတစ်စီးဖြင့် နေပြည်တော်ပျဉ်းမနား-ပင်လောင်းလမ်းအတိုင်း ၂၀၁၀ခုနှစ် ဇူလိုင် ပထမပတ်အတွင်းက ခရီးထွက်ခဲ့ခြင်းဖြစ်သည်။

မျက်မြင်ကိုယ်တွေ့

နေပြည်တော်ပျဉ်းမနား-ပင်လောင်းကတ္တရာကားလမ်းသည် ယခုအခါ အဆင့်မြှင့်တင်ပြီး ၁၈ပေ အကျယ်ခင်းလျက်ရှိရာ မကြာသေးမီရက်အတွင်းက (ကင်းသာ-ကိုးကွေ့)အပိုင်းကို ဖွင့်လှစ်ပေးခဲ့သဖြင့် ဒေသခံပြည်သူများ သွားလမ်းသာပြီး လာလမ်းဖြောင့်လျက်ရှိကြသည်ကို ခရီးစဉ်တစ်လျှောက် မျက်မြင်ကိုယ်တွေ့ တွေ့ခဲ့ရသည်။

မျှမျှတတဖြစ်ထွန်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ယခုကဲ့သို့ အရင်းအနှီးမြောက်မြားစွာ ရင်းနှီးမြှုပ်နှံပြီး လမ်းနှင့်တံတားများကို တည်ဆောက်နေခြင်းသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်လာပြီး ဒေသအားလုံးဟန်ချက်ညီညီ မျှမျှတတ ဖြစ်ထွန်းတိုးတက်လာစေရန်ဖြစ်သည်။

၁၉၈၈ခုနှစ်မှ ယနေ့အထိ ပေ ၁၈၀နှင့်အထက် ပြည်နယ်နှင့်တိုင်းအလိုက် တည်ဆောက်ပြီးနှင့် တည်ဆောက်ဆဲ၊ တည်ဆောက်ရန် လျာထားသောစာရင်းများကို တင်ပြရလျှင်-

စဉ်	ပြည်နယ်/တိုင်း	တည်ဆောက်ပြီး	တည်ဆောက်ဆဲ	တည်ဆောက်ရန်လျာထား
၁။	ကချင်ပြည်နယ်	၁၉စင်း	၂စင်း	၁စင်း
၂။	ကယားပြည်နယ်	၁စင်း	၁စင်း	-
၃။	ကရင်ပြည်နယ်	၇စင်း	၂စင်း	၁စင်း
၄။	ချင်းပြည်နယ်	၃စင်း	-	-
၅။	စစ်ကိုင်းတိုင်း	၁၇စင်း	၃စင်း	၁စင်း
၆။	တနင်္သာရီတိုင်း	၇စင်း	-	-
၇။	ပဲခူးတိုင်း	၁၉စင်း	၁စင်း	-
၈။	မကွေးတိုင်း	၂၀စင်း	၃စင်း	-
၉။	မန္တလေးတိုင်း	၁၂စင်း	၁စင်း	-
၁၀။	မွန်ပြည်နယ်	၄စင်း	-	-
၁၁။	ရခိုင်ပြည်နယ်	၃၆စင်း	၁စင်း	-
၁၂။	ရန်ကုန်တိုင်း	၃၀စင်း	၁စင်း	-
၁၃။	ရှမ်းပြည်နယ်(အရှေ့ပိုင်း)	၄စင်း	-	-
၁၄။	ရှမ်းပြည်နယ်(တောင်ပိုင်း)	၅စင်း	၂စင်း	-
၁၅။	ရှမ်းပြည်နယ်(မြောက်ပိုင်း)	၇စင်း	-	၁စင်း
၁၆။	ဧရာဝတီတိုင်း	၄၉စင်း	၅စင်း	၁စင်း
	စုစုပေါင်း	၂၄၀စင်း	၂၂စင်း	၅စင်း

တို့ဖြစ်သည်။

"လိန်းလီကြိုးတံတားကြီးကို မြန်မာအင်ဂျင်နီယာတွေက အစအဆုံး တာဝန်ယူပြီး သတ်မှတ်ကာလအတွင်းပြီးဖို့ မိမိပါဝင်ကြိုးကြပ် ဆောင်ရွက်လျက်ရှိပါတယ်"
အင်ဂျင်နီယာချုပ်ဦးသန်းဆွေ

ပေ ၁၈၀အောက် တည်ဆောက်ပြီးခဲ့သော တံတားများမှာ-

စဉ်	ပြည်နယ်/တိုင်း	ပေ (၁၈၀)အောက်
၁။	ကချင်ပြည်နယ်	၄၁၃ စင်း
၂။	ကယားပြည်နယ်	၂၅ စင်း
၃။	ကရင်ပြည်နယ်	၁၈၇ စင်း
၄။	ချင်းပြည်နယ်	၁၇ စင်း
၅။	စစ်ကိုင်းတိုင်း	၄၀၈ စင်း
၆။	တနင်္သာရီတိုင်း	၁၁၆ စင်း
၇။	ပဲခူးတိုင်း	၁၇၁ စင်း
၈။	မကွေးတိုင်း	၁၆၄ စင်း
၉။	မန္တလေးတိုင်း	၂၁၂ စင်း
၁၀။	မွန်ပြည်နယ်	၁၃၁ စင်း
၁၁။	ရခိုင်ပြည်နယ်	၂၅၉ စင်း
၁၂။	ရန်ကုန်တိုင်း	၆၇ စင်း
၁၃။	ရှမ်းပြည်နယ် (အရှေ့ပိုင်း)	၁၆၈ စင်း
၁၄။	ရှမ်းပြည်နယ် (တောင်ပိုင်း)	၁၈၅ စင်း
၁၅။	ရှမ်းပြည်နယ် (မြောက်ပိုင်း)	၈၀ စင်း
၁၆။	ဧရာဝတီတိုင်း	၃၁၂ စင်း
	စုစုပေါင်း	၂၉၁၅ စင်း

တို့ဖြစ်သည်။

ထို့အပြင် ဖောက်လုပ်ဆဲအချို့နှင့် ဖောက်လုပ်ပြီး ရိုးမအရှေ့/အနောက် ဖြတ်လမ်းမှာ တိုက်ကြီး-ဖောင်ကြီး-ပဲခူးလမ်း (တိုက်ကြီး ၁၀ မိုင်ကုန်းအပိုင်း) ၄၂မိုင် ၇ဖာလုံ၊ မင်းလှ-စိန်ကန့်လန့်-မြို့ချောင်း-ပိန်းဇလုပ်လမ်း ၁၄၃မိုင် ၆ ဖာလုံ၊ ပြည်-ပေါက်ခေါင်း-တောင်ငူလမ်း ၁၂၅ မိုင် ၁ ဖာလုံ (အဆိုပါ လမ်းမှာ ဖောက်လုပ်ဖွင့်လှစ်ပြီးဖြစ်သည်) နေပြည်တော် ၁၂မိုင် တောင်ညို-ချောင်းနက်-တောင်တွင်းကြီးလမ်း ၅၄ မိုင် ၂ ဖာလုံ (မကွေး) ကံပြား-မြို့သစ်-တောင်ညို-နေပြည်တော် ၁၂ မိုင်လမ်း ၁၀၇ မိုင် ၂ ဖာလုံ၊ မကွေး-နတ်မောက်-ပျော်ဘွယ်လမ်း ၉ မိုင် ၄ ဖာလုံ၊ ကိုပင်-သာဂရလမ်း ၉၆မိုင် ၃ ဖာလုံတို့ဖြစ်ပြီး အသစ်ဖောက်လုပ်နေသည့်လမ်းများမှာ-

၁။ ကသာ-စင်းခန်းလမ်း ၆၅/၀ မိုင်
၂။ ပြင်ဦးလွင်-ရတနာသိင်္ဂီ-မိုးကုတ်လမ်း ၉၇/၇ မိုင်
၃။ မဲတောင်ရှောင်ကွင်းလမ်း ၃/၅ မိုင်
၄။ ထီးလုံ-တာပေါင်-ပတ-နဘူး-အောက်ဗိုလ်တဲလမ်း ၅၇/၆ မိုင်
၅။ အနီးစခန်း-ရွှေချောင်းလမ်း ၁၀/၀ မိုင်
၆။ ကျောက်ဆည်-ဖျောက်ဆိပ်ပင်-ရဲရွာ-ပြင်စာ-ကမြူးလမ်း ၃၅/၀ မိုင်
၇။ မိုင်ပြင်း-မက်မန်းလမ်း ၇၃/၀ မိုင်
၈။ လောက်ကိုင်-ကုန်ကြမ်း-မော်ထိုက်လမ်း ၆၈/၀ မိုင်
၉။ နမ္မတူ-မုံးဝီးလမ်း ၃၅/၄ မိုင်
၁၀။ မုံးကိုး-ဖောင်ဆိုင်လမ်း ၁၁/၀ မိုင်
၁၁။ ကျိုင်းတုံ-မိုင်းခွန်-မိုင်းခုတ်လမ်း ၅၄/၅ မိုင်
၁၂။ ဘိုကလေး-မော်လမြိုင်ကျွန်း-ကျုံမငေး-မြောင်းမြလမ်း ၆၆/၀ မိုင်

တို့ဖြစ်သည်။

တည်ဆောက်ခွင့်ပြုခဲ့

ယခုလိန်းလီကြိုးတံတားကြီးကို ၂၂-၉-၂၀၀၆ရက်တွင်ကျင်းပသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ အစည်းအဝေးအမှတ် (၁/၂၀၀၆)ဖြင့် တည်ဆောက်ခွင့်ပြုခဲ့သော တံတားကြီးဖြစ်သည်ဟု သိရသည်။

လိန်းလီကြိုးတံတားကြီးသည် နေပြည်တော်ပျဉ်းမနား - ပင်လောင်း ကတ္တရာကားလမ်းမိုင်တိုင်အမှတ်(၄၂/၄) လိန်းလီရွာတွင် တည်ရှိပြီး ဤတံတားကြီးဖြစ်ပေါ်လာပုံမှာ အထက်ပေါင်းလောင်း

"တံတားတည်ဆောက်ရေးလုပ်သားတွေနဲ့အတူပါဝင်ပြီး အခက်အခဲတွေကို ပူးပေါင်းဖြေရှင်းကာ ဤကြိုးတံတားကြီးကို တည်ဆောက်လျက်ရှိပါတယ်"
တံတားတည်ဆောက်ရေး အထူးအဖွဲ့(၅)မှ
ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်ဦး

ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ပြီးချိန်
ဘေလီတံတား ပေ ၁၇၀နှင့် နေပြည်တေ
ကားလမ်း ၁၂ ပေအကျယ် ကတ္တရာလမ်း
ရေနစ်မြုပ်ဧရိယာအတွင်း ကျရောက်သွားမ
ကဲ့သို့ တံတားအသစ်ကို ထပ်မံတည်ဆောက

လိန်းလီကြိုးတံတားစီမံကိန်းဆိုင်ရာအ

တည်နေရာ - ရှမ်းပြည်နယ်(တော
ပျဉ်းမနား-ပင်လောင်းလမ်း၊ မိုင်တိုင် အမှတ်

တံတားအရှည် ၁၇၆၀ ပေ
(က) ပင်မကြိုးတံတား ၁၀၀၀ ပေ
(ခ) ချဉ်းကပ်တံတား ၃၈၀ ပေ
ယာဉ်သွားလမ်းအကျယ် ၂၈ ပေ၊ လူ
၃ ပေစီ

ကြိုးတံတားကြီး၏ တစ်ဖက်တစ်ခုပါ
များ တပ်ဆင်ရန်အတွက် ဝရိန်လုပ်သားမျ
နေသည်ကို ဤသို့ တွေ့ခဲ့ရသည်။

တံတားအမျိုးအစား သံမဏိသံ
(က) အုတ်မြစ် 1.5 m o Bored Pil
(ခ) တံတားအပေါ်ထည် -သံမဏိသံ
ကွန်ကရစ်
ရေလမ်းကင်းလွတ်နယ်
(က) အကျယ် ၈၈၀ ပေ
(ခ) အမြင့် ၉ ပေ
တံတားခံနိုင်ဝန် ၇၅ တန်
စီမံကိန်းတန်ဖိုး ရေးဆွဲဆဲ
စီမံကိန်းစတင်သည့်ရက် ၂၂-၉-၂၀၀၆
စီမံကိန်းပြီးစီးမည့်ရက်မှာ ၃၁-၁၀-၂၀၁

ထို့အပြင် ၁၉၈၈ခုနှစ်၊ မတ်လမှ ၂၀၁၀ခုနှစ် မတ်လကုန်အထိ တိုးတက်လာသောလမ်းများမှာ-

ပြည်နယ်/တိုင်း	၁၉၈၈ခုနှစ် မတ်လကုန်အထိလမ်းအခြေအနေ					၂၀၁၀ခုနှစ်မတ်လကုန်အထိလမ်းအ			
	ကတ္တရာ	ကျောက်	အမာခံ	မြေလမ်း	စုစုပေါင်း	ကတ္တရာ	ကျောက်	အမာခံ	မြေ
ကချင်ပြည်နယ်	၁၆၀-၀	၁၅၆-၀	၈၈၆-၀	၂၆၉-၀	၁၄၇၁-၀	၃၅၄-၀	၅၄၇-၆	၅၆၉-၀	၁၈၉
ကယားပြည်နယ်	၁၂၆-၀	၃၀-၀	၁၄၂-၀	၉၈-၀	၃၉၆-၀	၂၉၅-၁	၉၀-၅	၁၂၉-၀	၁၂၄
ကရင်ပြည်နယ်	၂၀၁-၀	၄၅-၀	၁၇၈-၀	၁၃၀-၀	၅၅၄-၀	၃၅၂-၆	၁၃၀-၁	၁၂၃-၆	၁၅၆
ချင်းပြည်နယ်	၄၀-၀	၅-၀	၃၀-၀	၆၂၀-၀	၆၉၅-၀	၂၈၇-၇	၂၈၂-၃	၁၅-၄	၄၈
စစ်ကိုင်းတိုင်း	၃၄၅-၀	၁၅၀-၀	၅၄၀-၀	၂၉၇-၀	၁၃၃၂-၀	၁၀၆၅-၄	၃၇၇-၄	၄၆၀-၃	၃၄
တနင်္သာရီတိုင်း	၂၁၃-၀	၅-၀	၁၃၆-၀	၄၃-၀	၃၉၇-၀	၄၆၄-၁	၂၃၉-၂	၄-၀	၅၀
ပဲခူးတိုင်း	၇၀၇-၀	၂၄-၀	၈၀-၀	၄-၀	၈၁၅-၀	၉၃၇-၅	၁၃၈-၆	၁၉၅-၆	၈၄
မကွေးတိုင်း	၅၀၃-၀	၉၅-၀	၅၄၃-၀	၁၆၇-၀	၁၃၀၈-၀	၁၀၈၆-၇	၂၃၃-၇	၄၁၂-၂	၂၂၆
မန္တလေးတိုင်း	၈၅၃-၀	၇၀-၀	၇၄-၀	၃၇-၀	၁၀၃၅-၀	၁၂၄၁-၀	၁၃၈-၄	၁၀၁-၅	၇၅
မွန်ပြည်နယ်	၃၅၂-၀	၃-၀	၃၉-၀	၃၀-၀	၄၂၄-၀	၃၉၇-၃	၂၄-၂	၃၂-၄	၁၀
ရခိုင်ပြည်နယ်	၁၆၃-၀	၁၃၅-၀	၁၃၀-၀	၂၀-၀	၄၄၈-၀	၅၆၈-၄	၂၄၇-၁	၁၁၄-၄	၁၄၇
ရန်ကုန်တိုင်း	၂၂၈-၀	၉-၀	၆-၀	-	၂၄၃-၀	၄၀၃-၅	၆၄-၇	၆၀-၇	၆၅
ရှမ်းပြည်နယ်(အရှေ့ပိုင်း)						၂၅၇-၄	၁၄၁-၆	၂၈၉-၄	၂၀၅
ရှမ်းပြည်နယ်(တောင်ပိုင်း)	၁၄၅၉-၀	၇၈၁-၀	၇၀၀-၀	၁၁၃၇-၀	၄၀၇၇-၀	၉၄၇-၇	၄၃၁-၂	၂၄၃-၁	၄၁၇
ရှမ်းပြည်နယ်(မြောက်ပိုင်း)						၁၀၂၈-၀	၇၀၅-၄	၂၆၃-၀	၇၀၅
ဧရာဝတီတိုင်း	၁၉၃-၀	၆၀-၀	၁၄၄-၀	၄၃-၀	၄၄၀-၀	၆၅၅-၇	၃၈၉-၁	၁၈၃-၂	၃၄၁
စုစုပေါင်း	၅၅၄၃-၀	၁၅၆၉-၀	၃၆၂၈-၀	၂၀၉၅-၀	၁၃၆၃၅-၀	၁၀၃၄၃-၅	၄၁၉၀-၅	၃၁၉၈-၀	၃၆၂၉

တို့ဖြစ်သည်။

ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ပြီးချိန်တွင် လိန်းလီရွာရှိ လက်ရှိ ဘေလီတံတား ပေ ၁၇၀နှင့် နေပြည်တော်ပျဉ်းမနား-ပင်လောင်း ကားလမ်း ၁၂ ပေအကျယ် ကတ္တရာလမ်း ၃ ဒသမ ၅မိုင်ခန့်သည် ရေနစ်မြုပ်ဧရိယာအတွင်း ကျရောက်သွားမည်ဖြစ်သောကြောင့် ယခုကဲ့သို့ တံတားအသစ်ကို ထပ်မံတည်ဆောက်ခဲ့ခြင်းဖြစ်သည်။

လိန်းလီကြိုးတံတားစီမံကိန်းဆိုင်ရာအချက်အလက်များမှာ-

တည်နေရာ - ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပင်လောင်းမြို့၊ ပျဉ်းမနား-ပင်လောင်းလမ်း၊ မိုင်တိုင် အမှတ်(၄၂/၅)

တံတားအရှည် ၁၇၆၀ ပေ
(က) ပင်မကြိုးတံတား ၁၀၀၀ ပေ
(ခ) ချဉ်းကပ်တံတား ၃၈၀ ပေ တစ်ဖက်စီ
ယာဉ်သွားလမ်းအကျယ် ၂၈ ပေ၊ လူသွားလမ်းတစ်ဖက် ၃ ပေစီ

ကြိုးတံတားကြီး၏ တစ်ဖက်တစ်ခုပါ လူသွားလမ်း လက်ရန်းများ တပ်ဆင်ရန်အတွက် ဝရိန့်လုပ်သားများ လုပ်ငန်းဆောင်ရွက်နေသည်ကို ဤသို့ တွေ့ခဲ့ရသည်။

တံတားအမျိုးအစား သံမဏိသံပေါင်ကြိုးတံတား
(က) အုတ်မြစ် 1.5 m o Bored Pile Foundation
(ခ) တံတားအပေါ်ထည် -သံမဏိသံပေါင်၊ သံကူ ကွန်ကရစ်ကြမ်းခင်း
ရေလမ်းကင်းလွတ်နယ်
(က) အကျယ် ၈၈၀ ပေ
(ခ) အမြင့် ၉ ပေ
တံတားခံနိုင်ဝန် ၇၅ တန်
စီမံကိန်းတန်ဖိုး ရေးဆွဲဆဲ
စီမံကိန်းစတင်သည့်ရက် ၂၂-၉-၂၀၀၆
စီမံကိန်းပြီးစီးမည့်ရက်မှာ ၃၁-၁၀-၂၀၁၀ရက်တို့ဖြစ်သည်။

တံတားချဉ်းကပ်လမ်း

လိန်းလီကြိုးတံတားကြီး၏ နေပြည်တော်ပျဉ်းမနားဘက်အခြမ်း ချဉ်းကပ်လမ်းကို တွေ့ရစဉ်။

တွေ့ဆုံမေးမြန်း

ကျွန်တော်သည် တံတားကြီးတည်ဆောက်ရေးလုပ်ငန်းခွင်တွင် လုပ်သားများနှင့်အတူ ကိုယ်တိုင်ပါဝင်လုပ်ကိုင်နေသော တံတားတည်ဆောက်ရေး အထူးအဖွဲ့ (၉) မှ ဒုတိယအင်ဂျင်နီယာမှူးကြီး (မြို့ပြ) ဦးတင်ဦးအား တံတားတည်ဆောက်ရေးနှင့်ပတ်သက်၍ တွေ့ဆုံမေးမြန်းကြည့်ရာ ဦးတင်ဦးက တံတား၏အမျိုးအစားမှာ ကြိုးတံတားဖြစ်ပြီး တည်ဆောက်ပြီးစီးလျှင် မြန်မာနိုင်ငံ၌ အမြင့်ဆုံးကြိုးတံတားကြီးတစ်စင်းအဖြစ် တည်ရှိနေမှာဖြစ်ကြောင်း တံတားခံနိုင်ဝန်မှာလည်း ၇၅တန်အထိ ရှိမှာဖြစ်ကြောင်း။

စတင်တည်ဆောက်သည့်နှစ်မှာ ၂၀၀၆ ခုနှစ် စက်တင်ဘာလ ၂၂ရက်ဖြစ်ပြီး စတင်တည်ဆောက်စဉ်က အခက်အခဲတစ်မျိုး တွေ့ပါကြောင်း၊ ယင်းမှာ ပင်မတံတားတိုင်တူးရာတွင် ပေ ၂၀ခန့်မှစပြီး ကျောက်လွှာများတွေ့သဖြင့် ရိုးရိုး Boring လုပ်၍ မရတော့ဘဲ Dwelling Bucket နှင့် ဖြတ်ကျော်ရ၊ Jumper ထောင်းရ၊ နောက် Tri-coat တို့ Auger တို့နှင့်ဖွပြီးမှ ဘိုက်ကက် အသေးဆင်းရကြောင်း၊ ယင်းနောက်တွင် Dwelling Side cap အကြီးနှင့်သယ်ရကြောင်း၊ ဤကဲ့သို့ လုပ်ငန်းစဉ်များ အထပ်ထပ် ဆောင်ရွက်ခဲ့ရကြောင်း။

သက်စွန့်ဆံဖျား

ဘိုးပိုင်တူးရာတွင် ကျောက်လွှာတွေ့သဖြင့် ခက်ခက်ခဲခဲ ဆောင်ရွက်ခဲ့ရသကဲ့သို့ အပေါ်ပိုင်းတာဝါရှပ်တိုင်လုပ်သည့်အခါတွင်လည်း ဟော်လိုတိုက်ဖြစ်၍ *စာမျက်နှာ ၁၀ ကော်လံ ၁ သို့*

လိန်းလီကြိုးတံတားကြီး၏ အဓိကကြိုးကြီးတပ်ဆင်ရန် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ မြန်မာအင်ဂျင်နီယာများနှင့် လုပ်သားကြီးများ ဆောင်ရွက်နေကြစဉ်။

၂၀၁၀ခုနှစ်မတ်လကုန်အထိလမ်းအခြေအနေ					တိုးတက်လာသောလမ်းမိုင်				
ကတ္တရာ	ကျောက်	အမာခံ	မြေလမ်း	စုစုပေါင်း	ကတ္တရာ	ကျောက်	အမာခံ	မြေလမ်း	စုစုပေါင်း
၃၅၄-၀	၅၄၇-၆	၅၆၉-၀	၁၈၉-၀	၁၆၅၉-၆	၁၉၄-၀	၃၉၁-၆	(-)၃၁၇-၀	(-)၈၀-၀	၁၈၈-၆
၂၉၅-၁	၉၀-၅	၁၂၉-၀	၁၂၄-၂	၆၃၉-၀	၁၆၉-၁	၆၀-၅	(-)၁၃-၀	၂၆-၂	၂၄၃-၀
၃၅၂-၆	၁၃၀-၁	၁၂၃-၆	၁၅၆-၇	၇၇၀-၄	၁၅၁-၆	၉၃-၁	(-)၅၄-၂	၂၆-၇	၂၁၇-၄
၂၈၇-၇	၂၈၂-၃	၁၅-၄	၄၈၁-၅	၁၀၆၇-၃	၂၄၇-၇	၂၇၇-၃	(-)၁၄-၄	(-)၁၃၈-၃	၃၇၂-၃
၁၀၆၅-၄	၃၇၇-၄	၄၆၀-၃	၃၄၂-၄	၂၂၄၅-၇	၇၂၀-၄	၂၂၇-၄	(-)၇၉-၅	၄၅-၄	၉၁၃-၇
၄၆၄-၁	၂၃၉-၂	၄-၀	၅၀-၀	၇၅၇-၃	၂၅၁-၁	၂၃၄-၂	(-)၁၃၂-၀	၇-၀	၃၆၀-၃
၉၃၇-၅	၁၃၈-၆	၁၉၅-၆	၈၄-၅	၁၃၅၆-၆	၂၃၀-၅	၁၁၄-၆	၁၁၅-၆	၈၀-၅	၅၄၁-၆
၁၀၈၆-၇	၂၃၃-၇	၄၁၂-၂	၂၂၉-၁	၁၉၆၂-၁	၅၈၃-၇	၁၃၈-၇	(-)၁၃၀-၆	၆၂-၁	၆၅၄-၁
၁၂၄၁-၀	၁၃၈-၄	၁၀၁-၅	၇၅-၇	၁၅၅၇-၀	၃၈၈-၀	၆၇-၄	၂၇-၅	၃၈-၇	၅၂၂-၀
၃၉၇-၃	၂၄-၂	၃၂-၄	၁၀-၅	၄၆၄-၆	၄၅-၃	၂၁-၂	(-)၆-၄	(-)၁၉-၃	၄၀-၆
၅၆၈-၄	၂၄၇-၁	၁၁၄-၄	၁၄၇-၇	၁၀၇၈-၀	၄၀၅-၄	၁၁၂-၁	(-)၁၅-၄	၁၂၇-၇	၆၃၀-၀
၄၀၃-၅	၆၄-၇	၆၀-၇	၆၅-၅	၅၉၅-၀	၁၇၅-၅	၅၅-၇	(-)၅၄-၇	၆၅-၅	၁၀၀၇-၁
၂၅၇-၄	၁၄၁-၆	၂၈၉-၄	၂၀၅-၅	၈၉၄-၃					
၉၄၇-၇	၄၃၁-၂	၂၄၃-၁	၄၁၇-၆	၂၀၄၀-၀	၇၇၄-၃	၄၉၇-၄	၉၅-၅	၁၉၂-၁	၁၅၅၉-၅
၁၀၂၈-၀	၇၀၅-၄	၂၆၃-၀	၇၀၅-၆	၂၇၀၂-၂					
၆၅၅-၇	၃၈၉-၁	၁၈၃-၂	၃၄၁-၇	၁၅၇၀-၁	၄၆၂-၇	၃၂၉-၁	၃၉-၂	၂၉၈-၇	၁၁၃၀-၁
၁၀၃၄၃-၅	၄၁၉၀-၅	၃၁၉၈-၀	၃၆၂၉-၀	၂၁၃၆၁-၂	၄၈၀၀-၅	၂၆၂၁-၅	(-)၄၃၀-၀	၇၃၄-၀	၇၇၂၆-၂

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်
မန္တလေးတိုင်း၊ ခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲများနှင့် လုပ်ငန်းညှိနှိုင်း

နေပြည်တော် ဇူလိုင် ၁၇

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်နှင့် မန္တလေးတိုင်း ကော်မရှင်အဖွဲ့ခွဲဝင်များ၊ တိုင်းအတွင်းရှိ ခရိုင်နှင့်မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၁၅ရက် နံနက် ၈ နာရီတွင် တိုင်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဖွင့်အမှာစကားပြောကြား

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်ဦးမြင့်နိုင်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မန္တလေးတိုင်း ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်ထွန်းက မန္တလေးတိုင်းအတွင်း ခရိုင်အလိုက် မဲရုံတည်နေရာများ သတ်မှတ်မှုနှင့် မဲစာရင်းပြုစုမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး ခရိုင်နှင့်မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌများက မိမိတို့ ခရိုင်နှင့် မြို့နယ်အလိုက် မဲရုံတည်နေရာနှင့် မဲစာရင်းပြုစုထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းဆွေးနွေး

ထို့နောက် တက်ရောက်လာကြသူများက ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများကို မေးမြန်းဆွေးနွေးကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်က ပြန်လည်ရှင်းလင်းဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှာစကားပြောကြား

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင် မန္တလေးတိုင်းကော်မရှင်အဖွဲ့ခွဲဝင်များ၊ တိုင်းအတွင်းရှိ ခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၉ မှ

လက်မ ၂၀ အထဲဆင်း၍ ပုံစံဆင်ရတာတို့သည် ခက်ခက်ခဲခဲ လုပ်ခဲ့ရကြောင်း၊ တာဝါတိုင် T.2 မှာ မြေပြင်အထက်ပေ ၁၄၀ ရှိပြီး ပော်လိုတိုက်ဖြစ်၍ ခက်ခဲကြောင်း၊ မိုးတွင်းကာလတွင် မိုးဒဏ်လေဒဏ်ခံပြီး ဟိုးအမြင့်တွင် ဝန်ထမ်းများ သက်စွန့်ဆံဖျား အလုပ်လုပ်ခဲ့ရကြောင်း စသည်ဖြင့် ပြောပြပါသည်။

ထို့နောက် ရှင်းလင်းဆောင်အရှေ့မြက်ခင်းပြင်၌ လုပ်ငန်းခွင်တစ်ခုလုံးကို ကြီးကြပ်နေသော ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာချုပ် ဦးသန်းဆွေအား ဆက်လက်တွေ့ဆုံမေးမြန်းခဲ့ရာ ဦးသန်းဆွေက အင်ဂျင်နီယာချုပ်တာဝန်ဖြင့် လိန်းလီကြိုးတံတားကြီး တည်ဆောက်ရာတွင် အနီးကပ်ကြီးကြပ်ရကြောင်း၊ ရုံးချုပ်မှတည်ဆောက်ရေး ပစ္စည်းများနှင့် ယန္တရားရရှိရေးအတွက်လည်း စီစဉ်ရကြောင်း။

ပေါင်းစပ်ဆောင်ရွက်

ကြိုးတံတားကြီး၏ ဒီဇိုင်းအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဒီဇိုင်းဖြစ်ကြောင်း၊ သို့အတွက်ကြောင့် တံတားကြီး၏ အပေါ်ထည်များသည် ဒီဇိုင်းအတိုင်း တပ်ဆင်ရမည့်သံပေါင်များ သံဟင်ဂလန်များ စသည့်ပစ္စည်းများကို တရုတ်ကုမ္ပဏီဖြစ်သော အိုဘီအမ်ကုမ္ပဏီသို့ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းရုံးချုပ်မှ စာချုပ်ချုပ်ဆို မှာပေးခဲ့ကြောင်း၊ ယခုအခါ အဆိုပါ ကုမ္ပဏီမှ ပစ္စည်းရောက်ရှိပြီးဖြစ်သကဲ့သို့ တံတားကြီးအပေါ်ထည် တပ်ဆင်ရန်အတွက် နည်းပညာပူးပေါင်းဆောင်ရွက်ရန် တရုတ်ပညာရှင်များလည်း ရောက်ရှိနေပြီဖြစ်ပြီး မြန်မာအင်ဂျင်နီယာများနှင့် ပေါင်းစပ်ဆောင်ရွက်ရေးကိုလည်း မိမိက ကြီးကြပ်စီစဉ်ပေးနေကြောင်း။

အခက်အခဲများကျော်လွှားသွားနိုင်

တံတားကြီးတစ်စင်းလုံး တည်ဆောက်ရေးအတွက် မြန်မာအင်ဂျင်နီယာများက ဆောင်ရွက်ကြောင်း၊ မိမိတို့တွင် ကြိုးတံတားကြီးများ တည်ဆောက်ခဲ့သည့် အတွေ့အကြုံပေါင်းများစွာရှိ၍ အခက်အခဲများကို ကျော်လွှားသွားနိုင်မှာဖြစ်ကြောင်း စသည်ဖြင့် ပြောကြားပါသည်။

နေပြည်တော်ပျဉ်းမနား-ပင်လောင်း ကတ္တရာကားလမ်းပေါ်ရှိ ဤကြိုးတံတားကြီးသည် တစ်ဖက်ရှိ ပင်လောင်း-တုန်ဟုန်း၊ ရွှေညောင်၊ တောင်ကြီးနှင့် ကယားပြည်နယ် လွိုင်ကော်တို့မှ တောင်ပေါ်တိုင်းရင်းသားများနှင့် နေပြည်တော်ပျဉ်းမနား-တပ်ကုန်း စသည် မြေပြန့်သားတို့ တစ်ဦးနှင့်တစ်ဦး ကူးလူးဆက်ဆံသွားလာနိုင်ရေး တာဝန်ကို သယ်ပိုးထမ်းဆောင်ရင်း အစဉ်ထာဝရ ငြိမ်းချမ်းစွာ တည်ရှိနေတော့မည်ဖြစ်ပါတော့သည်။ ။

စတုတ္ထအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့်အုပ်စုပတ်လည် အမှတ်ပေးပွဲစဉ်၏ (စ)အုပ်စုမှ ပြန်ကြားရေးဝန်ကြီးဌာနအသင်းနှင့် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းတို့ နေပြည်တော် ဘောလုံးအားကစားပြိုင်ကွင်း၌ ယှဉ်ပြိုင်ကစားကြစဉ်။ (သတင်းစဉ်)

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်
ပြန်ကြားရေးအသင်းက လျှပ်စစ်(၁)အသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရ

နေပြည်တော် ဇူလိုင် ၁၇

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် စတုတ္ထအကြိမ်မြောက် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့်အုပ်စုပတ်လည် အမှတ်ပေးပွဲစဉ်များကို ယနေ့ညနေ ၄နာရီတွင် သတ်မှတ်နေရာများ၌ ဆက်လက်ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးလှသိန်းဆွေ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် ဘောလုံးအားကစားဝါသနာရှင်များ တပျော်တပါး လာရောက်ကြည့်ရှုအားပေးသည်။

အနိုင်ရရှိ

နေပြည်တော် ဘောလုံးအားကစားပြိုင်ကွင်းတွင် ကျင်းပသော ပွဲစဉ်၌(စ)အုပ်စုမှ ပြန်ကြားရေးဝန်ကြီးဌာနအသင်းက အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းကို ငါးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ နေပြည်တော်ပေါင်းလောင်း ဘောလုံးအားကစားပြိုင်ကွင်းတွင် ကျင်းပသောပွဲစဉ်၌(ဆ)အုပ်စုမှ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအသင်းက သာသနာရေးဝန်ကြီးဌာနအသင်းကို ငါးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ နေပြည်တော်လယ်ဝေး ဘောလုံးအားကစားပြိုင်ကွင်းတွင် ကျင်းပသော ပွဲစဉ်၌ (ဆ)အုပ်စုမှ အလုပ်သမားဝန်ကြီးဌာနအသင်းက တရားရုံးချုပ်အသင်းကို ငါးဂိုး-နှစ်ဂိုးဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိသွားကြသည်။

ယှဉ်ပြိုင်

ဇူလိုင် ၂၀ရက် ပွဲစဉ်များအဖြစ် နေပြည်တော်အားကစားပြိုင်ကွင်း၌ (ဇ)အုပ်စုမှ ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအသင်း၊ နေပြည်တော်ပေါင်းလောင်းအားကစားပြိုင်ကွင်း၌ (ဇ)အုပ်စုမှ ကျန်းမာရေးဝန်ကြီးဌာနအသင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနအသင်း၊ နေပြည်တော်လယ်ဝေး အားကစားပြိုင်ကွင်း၌ (က)အုပ်စုမှ အမှတ်(၁)စက်မှုဝန်ကြီးဌာနအသင်းနှင့် သမဝါယမဝန်ကြီးဌာနအသင်းတို့ အသီးသီးယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်ဝင်း နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ၂၀၁၀ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် အရာထမ်း၊ အမှုထမ်းများနှင့် ဝန်ထမ်းမိသားစုများ စုပေါင်းသစ်ပင် စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး
၂၀၁၀ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဇူလိုင် ၁၇

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ၂၀၁၀ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ပရဝဏ်အတွင်း သတ်မှတ်နေရာ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်ဝင်း၊ အရာထမ်း၊ အမှုထမ်းများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

စိုက်ပျိုး

ရှေးဦးစွာ ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်နေရာ၌ မဟော်ဂနီပင်ကို စတင်စိုက်ပျိုးပေးပြီး အရာထမ်း၊ အမှုထမ်းများနှင့် ဝန်ထမ်းမိသားစုများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် မဟော်ဂနီ၊ ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်နှင့် သီးပင်စားပင်များ စိုက်ပျိုးခဲ့သည်။ **(သတင်းစဉ်)**

သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

နေပြည်တော်ရေပန်းဥယျာဉ်(တိုးချဲ့) အပန်းဖြေစခန်းဖွင့်ပွဲ ကျင်းပ

ကျေးငှက်သံများ၊ စမ်းရေစီးသံများနှင့် သားရဲတိရစ္ဆာန်တို့၏အသံများ တောတောင်လမ်းအတွင်း အပန်းဖြေလမ်းလျှောက်၍ သဘာဝအတိုင်းခံစားနိုင်ရန် ဖန်တီးစီစဉ်ထား

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး နေပြည်တော် မြို့တော်ဝန် ဦးသိန်းညွန့် နေပြည်တော် ရေပန်းဥယျာဉ်(တိုးချဲ့) အပန်းဖြေစခန်းဖွင့်ပွဲသို့ တက်ရောက်အားပေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၁၇

နေပြည်တော် စည်ပင်သာယာရေးကော်မတီက အသစ်တည်ဆောက်ပြီးစီးသွားသော နေပြည်တော်ရေပန်းဥယျာဉ်(တိုးချဲ့) အပန်းဖြေစခန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါအပန်းဖြေစခန်း၌ ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးသိန်းညွန့် တက်ရောက်သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

ရှေးဦးစွာ စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးဝင်းဋ္ဌေး၊ FCGC ကုမ္ပဏီမှ ဦးသန်းဝင်းဆွေတို့က နေပြည်တော် ရေပန်းဥယျာဉ်(တိုးချဲ့) အပန်းဖြေစခန်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဝန်ကြီး ဦးသိန်းညွန့်က နေပြည်တော် ရေပန်းဥယျာဉ် မျှော်စင် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ဝန်ကြီးနှင့် ဧည့်သည်များသည် ရေပန်းဥယျာဉ်မျှော်စင်ပေါ်သို့ တက်ရောက်၍ ပတ်ဝန်းကျင်၏ ရှုခင်းများအား ကြည့်ရှုကြပြီး အပန်းဖြေစခန်းအတွင်း တည်ဆောက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုကြသည်။

ကျယ်ဝန်း

ယခု တည်ဆောက်ဖွင့်လှစ်လိုက်သော နေပြည်တော် ရေပန်းဥယျာဉ် (တိုးချဲ့) အပန်းဖြေစခန်းသည် ရေပန်းဥယျာဉ် (တိုးချဲ့) Water Fountain Garden အပိုင်း(၂)နှင့် တစ်ဆက်တစ်စပ်တည်း တည်ရှိကာ ဧက ၆၀ကျယ်ဝန်းသည်။

ရေပန်းဥယျာဉ်(တိုးချဲ့)သို့ အပန်းဖြေလာရောက်ကြသော ပြည်သူများအနေဖြင့် ရေမြေတောတောင်တို့၏ သဘာဝ အငွေ့အသက်နှင့် အေးမြသောအရသာကို ထိတွေ့ခံစားနိုင်စေပြီး သဘာဝပတ်ဝန်းကျင်ကို နေချင်စဖွယ်ဖြစ်စေရန်၊ ထိန်းသိမ်းစောင့်ရှောက်လိုစိတ်များ ဖြစ်ပေါ်လာစေရန် ရည်ရွယ်တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

ဖန်တီးစီစဉ်ထား

နေပြည်တော်ရေပန်းဥယျာဉ် (တိုးချဲ့) အပန်းဖြေစခန်းအတွင်း စိန်ပန်း၊ ၄၀၊ ပိတောက်၊ ခရေ၊ ရေပျဉ်းမ စသော နှစ်ရှည်ပန်းအလှပင်များ၊ ကျွန်း၊ ပျဉ်းကတိုး၊ သစ်ဆိမ့်၊ ကုက္ကိုစသော အရိပ်ရနှစ်ရှည်လေကာပင်များ စိုက်ပျိုးထားသည့်အပြင် တောတောင်များအတွင်း ရှုခင်းများအား ကြည့်ရှုအပန်းဖြေရန် အဆောင်ငယ်များ၊ သဘာဝကျောက်ထိုင်ခုံများ၊ တောတွင်း တိရစ္ဆာန်ရုပ်တုများနှင့် လူသွားလမ်းကို တောင်ကြောတစ်လျှောက် သဘာဝအတိုင်း အနိမ့်အမြင့် သွားလာနိုင်ရန် တည်ဆောက်ထားပြီး တောတောင်လမ်းအတွင်း အပန်းဖြေ လမ်းလျှောက်စဉ် ကျေးငှက်သံများ၊ စမ်းရေစီးသံများ၊ သားရဲတိရစ္ဆာန်တို့၏ အသံများကို သဘာဝအတိုင်း ခံစားနိုင်စေရန် ဖန်တီးစီစဉ်ထားရှိသည်။

အပျော်စီးဘဲငန်းလှေ

ထို့အပြင် ၃ ဒသမ ၈ဧကအကျယ် ရေကန်တစ်ခုကိုပါ ထည့်သွင်း တည်ဆောက်ထားကာ ရေကန်ပတ်လည်တွင် ရောင်စဉ်ပုံစံ ၂၄ မျိုးပါရှိသည့် LED မီးပြေးများ တပ်ဆင်ထားရှိပြီး ညအချိန်တွင် ရောင်စဉ်မီးတန်းများ၏ အလှအပနှင့် အလင်းရောင်သည် ကန်ရေပြင်ကိုထင်ဟပ်လှပစေရန် ဆောင်ရွက်ထားသည့်အပြင် လာရောက်အပန်းဖြေသူများအတွက် အပျော်စီး ဘဲငန်းလှေများကို စီစဉ်ပေးထားသည်။

ကြည့်ရှုခံစားနိုင်

အဆိုပါ ရေပန်းဥယျာဉ်(တိုးချဲ့) အပန်းဖြေစခန်း တောင်ထိပ်တွင် အမြင့်ပေ ၄၀ရှိ လေးထပ် နေပြည်တော် ရေပန်းဥယျာဉ် မျှော်စင်တစ်ခု တည်ဆောက်ထားပြီး ရေပန်းဥယျာဉ်တစ်ခုလုံးကို လွှမ်းခြုံကြည့်ရှုနိုင်သည့်အပြင် နေပြည်တော်၏ အထင်ကရ ဥပ္ပါတသန္တိစေတီတော်၊ မြို့တော်ခန်းမ၊ လဟာပြင် ကဇာတ်ရုံ၊ သပြေကုန်းဈေး၊ အောင်သပြေ အဆင့်မြင့်ရုပ်ရှင်ရုံ၊ ကျောက်မျက်ပြတိုက်၊ ရွှေရင်ရယ် မြန်မာ ဂေါက်ကွင်း၊ လွှတ်တော်၊ အိမ်တော်များ၊ ဝန်ထမ်းအိမ်ရာများကို အပန်းဖြေကြည့်ရှုခံစားနိုင်စေရန် ဆောင်ရွက်ပေးထားခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော် ရေပန်းဥယျာဉ်(တိုးချဲ့)တွင် လာရောက်အပန်းဖြေသူများအတွက် အပျော်စီး ဘဲငန်းလှေများ စီစဉ်ပေးထားစဉ်။ (သတင်းစဉ်)

နေပြည်တော် ရေပန်းဥယျာဉ်(တိုးချဲ့) အပန်းဖြေစခန်းရှိ ရေကန်နှင့် ပတ်ဝန်းကျင် ရှုခင်းအလှကို တွေ့ရစဉ်။ (သတင်းစဉ်)

နေပြည်တော် ရေပန်းဥယျာဉ် မျှော်စင်ကို တွေ့ရစဉ်။ (သတင်းစဉ်)

နွေစပါးရိတ်သိမ်းမှုနှင့် မိုးစပါးစိုက်ပျိုးမှု တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၇

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေသည် တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၁၃ရက် နံနက်ပိုင်းက ပုသိမ်ကြီးမြို့နယ် ရှင်တော်ကုန်းကျေးရွာရှိ တောင်သူတစ်ဦး၏ လယ်မြေသို့ ရောက်ရှိပြီး ရွှေသွယ်ရင်နွေစပါးရိတ်သိမ်းမှုအခြေအနေ၊ စပါးများခြွေလှေ့မှုနှင့် ခြွေလှေ့ပြီးစပါးများကို ကြည့်ရှုစစ်ဆေးကာ ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ လိုအပ်ချက်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ရေကြည်ကျေးရွာမှ ကျောက်မီးကျေးရွာအထိ ဆည်တော်ကြီးဆည်၊ မြောင်းမတော် မြောင်းမကြီးတစ်လျှောက် ရေဝင်ရောက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကြူဝန်းကျေးရွာအနီးရှိ ဝက်မွေးမြူရေးခြံ(ထုံးဘို)သို့ ရောက်ရှိကာ ရှင်းလင်းဆောင်၌ တာဝန်ရှိသူတို့၏ ရှင်းလင်းတင်ပြချက်အပေါ် လိုအပ်သည်များမှာကြား၍ ခြံအတွင်း ဝက်များမွေးမြူထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် အမရပူရမြို့နယ် ဒေါင်းရွေးကျေးရွာရှိ တောင်သူတစ်ဦး၏ လယ်မြေသို့ရောက်ရှိပြီး မိုးစပါးစိုက်ပျိုးရန် ပြင်ဆင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ ကောက်စိုက်လုံမေများနှင့် တောင်သူများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ ပို့ဆောင်ရေးဝန်ကြီးဌာန၏ ၂၀၁၀ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ဝန်ထမ်းမိသားစုများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာန မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၁၇

ပို့ဆောင်ရေးဝန်ကြီးဌာန၏ ၂၀၁၀ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့ နံနက် ၈နာရီက နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးရုံးမျက်နှာစာ၌ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဦးသိန်းဆွေနှင့်ဇနီးတို့က သတ်မှတ်နေရာများ၌ အထိမ်းအမှတ် ပိတောက်ပင်နှင့် စိန်တစ်လုံးသရက်ပင်တို့ကို စိုက်ပျိုးပေးကြပြီး ဒုတိယဝန်ကြီးဦးဉာဏ်ထွန်းအောင်နှင့် ဇနီးတို့က ခရေပင်နှင့် စိန်တစ်လုံးသရက်ပင်တို့ကို စိုက်ပျိုးပေးကြသည်။

စိုက်ပျိုး

ယင်းနောက် ဌာနဆိုင်ရာအကြီးအကဲများနှင့် ၄င်းတို့၏ ဇနီးများ၊ ဝန်ထမ်းမိသားစုများက သတ်မှတ်နေရာအသီးသီးတွင် စိန်တစ်လုံးသရက်၊ အရိပ်ရလေကာပင်များနှင့် နှစ်ရှည်သီးပင်စားပင်များကို စိုက်ပျိုးကြသည်။

ပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၀ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ စိန်တစ်လုံးသရက်၊ မဲဇလီ၊ ကံ့ကော်၊ ပိတောက်၊ တမာ၊ မန်ကျည်း၊ သစ်ဆိမ့်၊ ပိန္နဲ၊ စိန်ပန်းကြီး၊ စိန်ပန်းပုနှင့် မဟော်ဂနီစသည့် အရိပ်ရလေကာပင်နှင့် နှစ်ရှည်သီးပင်၊ စားပင် စုစုပေါင်း ၁၃၀၀၀ကျော် စိုက်ပျိုးပြီးကြောင်း သိရသည်။ **(သတင်းစဉ်)**

ရေးမြို့နယ် လမိုင်းမြို့နှင့် မော့ကနင်ကျေးရွာရှိ နေအိမ်များနှင့် စာသင်ကျောင်းများတွင် သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် မြို့နယ် အုပ်ချုပ်ရေးမှူး ဦးတင့်ဇော်၊ မြို့နယ်စည်ပင်တာဝန်ခံ ဦးသိန်းသန်းစိုးနှင့် မြို့နယ်ဆရာဝန် ဒေါက်တာ ဆန်နီထွန်းတို့ ကြီးကြပ်၍ ဇူလိုင် ၉ရက်က ခြင်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မီးဘေးကြိုတင်ကာကွယ်ရေး နောင်ချိုမြို့နယ် မြို့မဈေး၌ စစ်ဆေး

နောင်ချို ဇူလိုင် ၁၇

စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွှန့်သည် ဇူလိုင် ၁၂ရက်က နောင်ချိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေး မီးဘေးလုံခြုံရေးနှင့် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမျိုးမြင့်အောင်က ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ထားရှိသည့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ခရိုင်ချင်းဆက်လမ်း အမှတ် (၂) မိုင်တိုင်အမှတ် ၄၁/၁မှ ၄၈/၄အထိ အရိပ်ရသစ်ပင်များ စိုက်ပျိုးထားရှိမှုကို ဇွန် ၂၀ရက်က ကျောက်ဆည်မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်စိုး ဦးဆောင်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ သစ်တောဦးစီးဌာန၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ကွင်းဆင်းကြီးကြပ်စဉ်။

(မြို့နယ်စည်ပင်)

News Watch (စောင့်ကြည့်) ဂျာနယ်ထွက်ရှိ

ရန်ကုန် ဇူလိုင် ၁၇

ကမ္ဘာ့ဖလားဘောလုံးပွဲ အနိုင်အရှုံးကိစ္စ မပြောခဲ့ဘဲ ပြောသယောင် ဂျာနယ်တစ်စောင်က ရေးသားမှုကို ဆရာ စံဇာဏီဘိုက တုံ့ပြန်၊ ဈေးကစားသည့် ကုန်စည်ဒိုင်များကို အရေးယူမည်၊ ပိုလျှံ ဆန်များကိုသာ ပြည်ပတင်ပို့ခွင့်ရှိ၊ ဘူးသီးတောင်မောင်တောကားလမ်း ပြင်ဆင်မှုပြီးတော့မည်၊ မန္တလေးတက္ကသိုလ်ဝင်ခွင့် ရမှတ်အလိုက် ဝင်ရမည့်တက္ကသိုလ်များ၊ အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများကို **MIDB** (စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်)က ငွေထုတ်ချေးမည်၊ ခွေးမကြီးနို့ကို ကျားကလေးတွေစို့သည့် အဖြစ်ဆန်း၊ လိုင်စင်မဲ့ဆိုင်ကယ်များကို ရပ်ကွက်ထဲအထိ လိုက်ဖမ်းမည်၊ ဇီဝိတဒါနသံဃာ့ဆေးရုံမှာ မျက်စိအတု တပ်ဆင်ပေးနေ၊ ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ အတ္ထုပ္ပတ္တိ၊ ဗိုလ်ချုပ်အောင်ဆန်း၏ အတ္ထုပ္ပတ္တိအကျဉ်း၊ ဗိုလ်ချုပ်အောင်ဆန်းအိမ် မြင်ကွင်းအမှတ်တရ၊ မြန်မာသင်္ဘောသား ၂၂ဦး ပါဝင်သည့် **Eastern Honesty** သင်္ဘောနှင့် ပျောက်ဆုံးနေသူအခြေအနေ၊ ငါးသိန်းတန်ဖုန်းကို မိုဘိုင်းလ်ဖုန်းအဖြစ် ရန်ကုန်မြို့အနှံ့ အသုံးပြုနိုင်ပြီ၊ ပဲကုန်သည်များ၏ အခက်အခဲ၊ ဆရာဒဂုန်တာရာ၊ ဆရာပါရဂူ၊ ဆရာအံ့မောင်၊ ဆရာလူထုစိန်ဝင်းတို့၏ အမှတ်တရစကားများ၊ ဇင်ယော်နီ၏ ပရိသတ်အတွက် ကံကောင်းခြင်းလက်ဆောင်၊ ဝါဆိုသင်္ကန်းများ ရောင်းအားတက်၊ မေတ္တာနှောင်ကြိုးဇာတ်လမ်းမှ ကိုရီးယား သရုပ်ဆောင်အိုဂျီဟို၊ ရှန်ဟိုင်းရုပ်ရှင်ပွဲတော်ကိုသွားတဲ့ ပတ်ရှီဟို၊ မောင်သန်းဆွေ (ထားဝယ်)၏ ချစ်ရေးမညီသည့် မေရီမိဖုရား၊ တစ်နှစ်ကျော်ကြာ ပျောက်ဆုံးနေသည့် အီရန်နျူကျူမ်းကျင်ပညာရှင်၏ အမေရိကန်နှင့် အီရန်ကြားမှ လျှို့ဝှက်ဇာတ်လမ်း၊ အမေရိကန်နှင့် တောင်ကိုရီးယား စစ်ရေးလေ့ကျင့်မည် စသည့်သတင်းများနှင့် **News Watch** (စောင့်ကြည့်) ဂျာနယ်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။

(သတင်းစဉ်)

အခွန်ဆိုင်ရာ ပညာပေးဆွေးနွေးပွဲ ဗန်းမော်မြို့နယ်၌ ကျင်းပ

ဗန်းမော် ဇူလိုင် ၁၇

ဗန်းမော်မြို့နယ် အခွန်ဦးစီးဌာနကကြီးမှူး၍ အခွန်ဆိုင်ရာ ပညာပေးဆွေးနွေးပွဲနှင့် ဝင်ငွေကြေညာလွှာ စုပေါင်းပေးအပ်ပွဲအခမ်းအနားကို ဇွန် ၃၀ရက် နံနက် ၁၀ နာရီက ဗန်းမော်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၌ကျင်းပရာ ရှေးဦးစွာ ခရိုင်အခွန်ဦးစီးမှူးနှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးညွှန့်တို့က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးမှူး ဦးသိန်းဇော်ဦးက အခွန်ဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာကြသော လုပ်ငန်းရှင်အခွန်ဝန်ထမ်းများမှ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

လက်ခံယူ

ထို့နောက် ကုန်သွယ်လုပ်ငန်းခွန်၊ အမြတ်ခွန်၊ ဝင်ငွေခွန်နှင့် ပတ်သက်သည့် ဝင်ငွေကြေညာလွှာများကို မြို့နယ်အခွန်ဦးစီးမှူး ဦးသိန်းဇော်ဦးကပေးအပ်ရာ တာဝန်ရှိသူများက လက်ခံယူသည်။ **(ခရိုင်ပြန်/ဆက်)**

စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ တွံတေးမြို့နယ် စမ်းရွာကျေးရွာ၌ ကျင်းပ

ရန်ကုန် ဇူလိုင် ၁၇

ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် စမ်းရွာကျေးရွာအုပ်စု စမ်းရွာကျေးရွာသုတပညာ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၁၅ ရက် နံနက် ၉ နာရီက အဆိုပါ စာကြည့်တိုက်ရှေ့၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးသန့်ဇင်ထွန်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးသက်ဦး၊ ကျေးရွာအေးချမ်းသာယာရေး ဥက္ကဋ္ဌ ဦးဝင်းခိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**

ပေးအပ်လှူဒါန်း

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သုတ၊ ရသ စာအုပ်စာစောင် ၁၅၀၊ မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့မှ ခြောက်လစာအတွက် သတင်းစာ ၁၈၀၊ ကျေးရွာစာကြည့်တိုက် ကော်မတီနာယက ဦးစိန်လှိုင်-ဒေါ်သန်းသန်းမြင့်က စာကြည့်တိုက်အတွက် ရေဒီယို တစ်လုံး ပေးအပ်လှူဒါန်းသည်။

ဆောက်လုပ်ထား

စာကြည့်တိုက်မှာ အုတ်ကာ၊ သွပ်မိုး၊ ကွန်ကရစ်ခင်းဖြစ်ပြီး အလျား ၂၄ ပေ၊ အနံ ၁၅ပေ အကျယ်အဝန်းရှိကာ တန်ဖိုးငွေကျပ် သိန်း ၃၀ အကုန်အကျခံ ဆောက်လုပ်ထားခြင်းဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(တနင်္လာနေ့-နံနက်-နေ့လယ်-ည)

၁၉-၇-၂၀၁၀

၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက်
နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅ တရားတော်
(မေတ္တာသုတ်+ခန္ဓသုတ်)
ဓမ္မပူဇာတေးပဒေသာ
၇း၃၀ (၃၈)ဖြာမင်္ဂလာ
၇း၃၅ နံနက်ခင်းတေးပဒေသာ
၈း၀၀ စံတော်ချိန်+သတင်း
၈း၁၀ နံနက်ခင်းတေးပဒေသာ
၁၀း၀၀ အမှတ်တရတေးလက်ဆောင်
၁၀း၃၀ သတင်းစာအာဘော်
၁၀း၃၅ တေးပဒေသာ
၁၀း၄၅ လယ်ယာစီးပွား
(ဝင်ငွေတိုးဖို့ ပဲခင်းငုံနှင့် နှမ်းလျှင်ကို သီးညှပ်စိုက်ပျိုးစို့)
တေးသီချင်း
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ မေတို့တွက်တာ အလှကမ္ဘာ
(အသက် ၅၀ကျော် အမျိုးသမီးများအတွက် အသားအရေထိန်းသိမ်းမှု)
၁၁း၂၀ နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၀ သိပ္ပံပညာသိကောင်းစရာ
(အနာဂတ်ကမ္ဘာ့စွမ်းအင် လိုအပ်ချက်ကို ဖြည့်ပေးမယ့် ရေခဲလောင်စာများ)
၁၁း၄၀ တေးပဒေသာ
၁၂း၀၀ စံတော်ချိန်
သိမှတ်ဖွယ်ရာနိုင်ငံရေးရာ
၁၂း၁၅ အလုပ်အကိုင်အခွင့်အလမ်း
(စစ်တက္ကသိုလ်ဗိုလ်လောင်း)
၁၂း၂၀ တေးပဒေသာ
၁၂း၃၀ အားကစားသတင်းပဒေသာ
၁၂း၄၀ နေ့လယ်ခင်းတေးပဒေသာ
၁၃း၀၀ မွန်းလွဲပိုင်းသတင်း
၁၃း၁၀ ပညာရေးအစီအစဉ်
(မူလတန်းသင်္ချာ)
တေးပဒေသာ
၁၃း၃၀ အစီအစဉ်ပြီး၏။
၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက်
ညနေခင်းတေးပဒေသာ
၁၆း၃၀ သောတရှင်လိုရာတေး
၁၇း၀၀ သန့်စွမ်းကျန်းမာကိုယ်ခန္ဓာ
(ဆံပင်ဖောက်ထလို့ စိတ်ညစ်စရာမလိုပါ)
၁၇း၁၀ ဇာနည်စစ်သည်တေးပန်းချီ
၁၇း၂၅ သတင်းစာဆောင်းပါး
၁၇း၃၅ အင်္ဂလိပ်စာသုတပဒေသာ(၁၆)
ညနေခင်းတေးပဒေသာ
၁၈း၀၀ ညနေခင်းသတင်း
၁၈း၁၀ တေးချစ်သူရွေးသီ
တေးပန်းချီ
တေးပဒေသာ
၁၉း၀၀ နိုင်ငံတကာသတင်း
တေးပဒေသာ
နိုင်ငံရေးဦးတည်ချက်
၁၉း၄၀ ပြုံးပဒေသာ
တေးပဒေသာ
၂၀း၀၀ ပြည်တွင်းသတင်း
၂၀း၂၀ ချမ်းမြေ့သာယာ
သီရိဂေဟာ
(နှစ်ကိုယ်ကြား)
၂၀း၃၀ တေးပဒေသာ
စီးပွားရေးဦးတည်ချက်
၂၁း၀၀ သီချင်းကြီး
လူမှုရေးဦးတည်ချက်
၂၁း၁၅ ခံစားနားဆင်
မြန်မာတေးသံစဉ်
တေးပဒေသာ
၂၂း၀၀ အစီအစဉ်ပြီး၏။

မာတင်ဂျိုးလ်နှင့် အဲရစ်ဆင် မည်သူ ဖူလ်ဟမ်နည်းပြ ဖြစ်လာမလဲ

မြင့်မောင်စိုး - စုစည်းသည်

လန်ဒန် ဇူလိုင် ၁၇

ဖူလ်ဟမ်အသင်းက လာမည့်သီတင်းပတ်တွင် အေဂျက်စ်နည်းပြ မာတင်ဂျိုးလ်နှင့် အိုင်ဗရီကို့စ်နည်းပြဟောင်း ဆဗန်ဂိုရမ်အဲရစ်ဆင်တို့အား တစ်ဦးဦးကို နည်းပြသစ်အဖြစ် ရွေးချယ်လိမ့်မည်ဖြစ်ကြောင်း ထုတ်ဖော်ကြေညာသည်။

ဖူလ်ဟမ်အသင်းတွင် နည်းပြရှိုင်ဟော့ဂ်ဆန်သည် ဇူလိုင် ၁ရက်က လီဗာပူးသို့ ပြောင်းရွှေ့သွားသဖြင့် နည်းပြမရှိဖြစ်နေသည်။ လောလောဆယ် ရှိုင်းလီဝင်တန်က ယာယီတာဝန်ယူထားသည်။

ခန့်အပ်

ဖူလ်ဟမ်အသင်းသည် ရာသီအကြိုအဖြစ် ဆွီဒင်သို့ ဇူလိုင် ၁၉ရက်မှစပြီး ၁၀ရက်ကြာ သွားရောက်၍ ချစ်ကြည်ရေးကစားမည်ဖြစ်သည်။ ယင်းမတိုင်မီ နည်းပြသစ်ကို မခန့်ထားနိုင်သော်လည်း အသစ်ခန့်အပ်လိုက်သော နည်းပြသည် နောက်မှ လိုက်ပါသွားမည်ဟုဆိုသည်။

ကိုင်တွယ်

မာတင်ဂျိုးလ်သည် ၂၀၀၇ ခုနှစ်က စပါးအသင်းနည်းပြမှ နုတ်ထွက်ခဲ့သည်။ အဲရစ်ဆင်သည် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် အိုင်ဗရီကို့စ်အသင်းကို ကိုင်တွယ်ခဲ့သူဖြစ်သည်။ (အင်တာနက်)

မက္ကဆီကို တောင်ပံကစားသမား ဝက်စ်ဟမ်းခေါ်ယူစာချုပ်

လန်ဒန် ဇူလိုင် ၁၇

ဝက်စ်ဟမ်းအသင်းက မက္ကဆီကို တောင်ပံကစားသမား ပါဘလိုဘာရီရာအား ပေါင်လေးသန်းဖြင့် စာချုပ်လိုက်သည်။

ပြောင်းရွှေ့

အသက် ၂၃နှစ်ရှိ ဘာရီရာသည် ပူးမက်စ်အသင်းမှ ပေါင်လေးသန်းဖြင့် ပြောင်းရွှေ့လာခြင်းဖြစ်သည်။ ၎င်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် မက္ကဆီကိုအသင်း၌ ခြေစွမ်းပြခဲ့သည်။ ၎င်းသည် ဟော်လန်ကွင်းလယ်ကစားသမား ဟိုက်တင်ဂါ လာဇီယိုမှ အလွတ်ပြောင်းရွှေ့ပြီးနောက် ဝက်စ်ဟမ်းက ဒုတိယမြောက်ကစားသမားအဖြစ် စာချုပ်လိုက်ခြင်းဖြစ်သည်။ (အင်တာနက်)

ဆားဗီးယား နောက်တန်းကစားသမား ပေါင် ၁၆သန်းဖြင့် မန်စီးတီးခေါ်ယူ

လန်ဒန် ဇူလိုင် ၁၇

ဆားဗီးယား ဘယ်နောက်တန်းကစားသမား အလက်ဇန္ဒြားကိုလာရော့ဗ်အား မန်စီးတီးက ပေါင် ၁၆ သန်းဖြင့် ခေါ်ယူရန် သဘောတူညီလိုက်ပြီဖြစ်သည်။

အသက် ၂၄ နှစ်ရှိ လာဇီယိုကစားသမား လာရော့ဗ်သည် ပြီးခဲ့သည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ဆားဗီးယားအသင်းအတွက် ပါဝင်ကစားပေးပြီး နှစ်ဂိုးသွင်းယူ ပေးနိုင်ခဲ့သည်။ ကိုလာရော့ဗ်အား အင်္ဂလန်အသင်းအများအပြားက စိတ်ဝင်စားလျက်ရှိရာမှ မန်စီးတီးက ခေါ်ယူလိုက်ခြင်းဖြစ်သည်။

လျာထား

မန်စီးတီးက ဒေးဗစ်ဆီလ်ဗာ၊ ယာယာတိုရေးနှင့် ဘိုတန်တို့ကို စာချုပ်ပြီးနောက် နွေရာသီတွင် ကစားသမားသစ် ခေါ်ယူရေးပေါင် ၇၅သန်း သုံးစွဲရန်လျာထားကြောင်း သိရသည်။ စပိန်တောင်ပံကစားသမားဗီလာသည် ဗလင်စီယာမှ ပေါင် ၂၄သန်းဖြင့် မန်စီးတီးသို့ ပြောင်းရွှေ့မည်ဟုဆိုသည်။ ဂျာမနီအသင်းတွင် ကစားခဲ့သော ဘိုတန်သည်လည်း ပေါင် ၁၁သန်းဖြင့် ပြောင်းရွှေ့ရန် မန်စီးတီးနှင့် ဆက်သွယ်ထားသည်။ (အင်တာနက်)

စပိန်အသင်း ကမ္ဘာ့ဖလားဆွတ်ခူးပြီးနောက်ဝယ်....

➤ စုစည်းရေးသားသူ - မောင်မောင်မြင့်ဆွေ ➤ စာမျက်နှာဖွဲ့စည်းမှု - ဝင့်မာသွင် (မြန်မာ့အလင်း)

မက်ဒရစ် ဇူလိုင် ၁၇

၂၀၁၀ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ ကမ္ဘာ့ဖလားကိုစပိန်အသင်း ပထမဆုံးအကြိမ်ဆွတ်ခူးကာ မိခင်နိုင်ငံသို့ သယ်ဆောင်နိုင်ခဲ့ပြီဖြစ်သည်။ စပိန်အသင်းသည် ကမ္ဘာ့ဖလားကို ကိုင်မြှောက်ကာအိမ်ပြန်ခဲ့ရာတွင် စပိန်နိုင်ငံတစ်ဝန်းရှိ ပြည်သူများကြည့်ရှုနိုင်ရန် ရုပ်မြင်သံကြားအစီအစဉ်မှ ထုတ်လွှင့်ပြသပေးခဲ့သည်။ စပိန်အသင်း ကမ္ဘာ့ဖလားကို ဆွတ်ခူးနိုင်ခဲ့ခြင်းအပေါ် ကမ္ဘာကျော်ဘောလုံးသမားအချို့၏ သုံးသပ်ပြောကြားမှုများကို ဖော်ပြရပါလျှင်-



စီရိုနယ်ဒို

(ရီးရဲမက်ဒရစ်တောင်ပံကစားသမား)

“စပိန်အသင်းဟာ အသင်းလိုက် စည်းလုံးမှုရှိတဲ့အပြင် တစ်ဦးချင်း အားထုတ်မှု ကောင်းလို့ပါပဲ။ အရေးကြီးဆုံးနဲ့ အားသာမှုအရှိဆုံးက သူတို့တွေ စိတ်ဓာတ်ကောင်းကောင်းနဲ့ ပွဲစဉ်တိုင်း တည်တည်ငြိမ်ငြိမ် ကစားသွားတာကြောင့်ပဲ ဖြစ်ပါတယ်။ အမှန်အတိုင်း ဝန်ခံရရင်ကျွန်တော်တို့ ပေါ်တူဂီအသင်းမှာ အချို့အချက်တွေအားနည်းမှု ရှိခဲ့ပါတယ်”။

မက်ဆီ (၂၀၀၉ခုနှစ် ကမ္ဘာ့အကောင်းဆုံးဆုရ ဘောလုံးသမား)

“စပိန်ကစားသမားတွေမှာ ကျွန်တော်တို့ အာဂျင်တီးနားထက် သာလွန်တာက အများအယွင်း နည်းတာပါပဲ။ ပြီးတော့ တစ်ဖက်အသင်းကစားအားကို ထိန်းနိုင်ကြတယ်။ ကမ္ဘာ့ဖလားပွဲမှာ ကျွန်တော်အပါအဝင် ကစားသမားအတော်များများ စွမ်းအားပြည့် မကစားနိုင်ခဲ့ကြပါဘူး။ ပြီးတော့ ကျွန်တော်ကိုယ်တိုင်လည်း စိတ်တိုင်းကျ မကစားနိုင်ခဲ့ပါဘူး။ စပိန်

အသင်းရဲ့ အသင်းလိုက်ကစားပုံကို ကျွန်တော်တို့ အတုယူရမှာဖြစ်ပါတယ်”။

ဒရော့ဘာ(အိုင်ဗရီကို့စ်နှင့် ချယ်လ်ဆီးတိုက်စစ်မှူး)

“စပိန်အသင်း ကမ္ဘာ့ဖလားဆွတ်ခူးနိုင်တာဟာ ထိုက်တန်ပါတယ်။ သူတို့တွေကြိုးစားအားထုတ်မှု ကောင်းကြတယ်။ အထူးသဖြင့် စပိန်နည်းပြရဲ့ အစီအမံတွေက လေးစားစရာပါ။ ကစားသမားတစ်ဦးချင်းရဲ့ စွမ်းရည်ကို ထိထိရောက်ရောက် အသုံးချနိုင်တယ်။ နောက်ပြီး ကစားသမားတွေကို လွတ်လွတ်လပ်လပ် လှုပ်ရှားနိုင်အောင် ခွင့်ပြုပေးထားတာလည်း အခြားအသင်းတွေထက် အားသာမှုတစ်ရပ်လို့မြင်တယ်”။

ကလိုဆေး

(ဂျာမနီအသင်းတိုက်စစ်မှူး)

“ကျွန်တော်တို့ ကမ္ဘာ့ဖလားကိုရရှိလိမ့်မယ်လို့ ယုံကြည်စိတ်တွေဖြစ်ခဲ့တာပါ။



ဒါပေမယ့် စပိန်အသင်း ဖလားဆွတ်ခူးသွားခဲ့တာဟာ ထိုက်တန်တယ်လို့ ထင်ပါတယ်။ စပိန်အသင်းဟာ အများတွေကိုအချိန်မီ ပြင်ဆင်နိုင်ခဲ့ပြီး အကောင်းဆုံးရလဒ်တွေ ဖန်တီးနိုင်ခဲ့ကြတယ်။ ကျွန်တော်တို့ ဂျာမနီအသင်းမှာ ချို့ယွင်းမှုတွေရှိနေဆဲဖြစ်တာမို့ တတိယနေရာပဲ ရရှိတာလို့ထင်တယ်။ စပိန်တို့အောင်ပွဲခံထိုက်ပါတယ်”။

ကာကာ

(ဘရာဇီးကွင်းလယ်ကစားသမား)

“ကျွန်တော်တို့ ဘရာဇီးအသင်းဟာ စိတ်ဓာတ်ပိုင်းမှာ အားနည်းချက်တွေ ရှိနေဆဲပါ။ အထူးသဖြင့် နိုင်ပွဲရလိုမှုအပိုင်းမှာ တက်ကြွမှုတွေ၊ အားထုတ်မှုတွေ ဖြည့်ဆည်းကြရဦးမယ်လို့ ထင်ပါတယ်။ ကျွန်တော်ကိုယ်တိုင် စွမ်းအားပြည့် မကစားနိုင်ခဲ့ဘူး။ စပိန်အသင်းဟာ ခြေစွမ်းတည်ငြိမ်ခဲ့ပြီး အမှားနည်းအောင် ကစားခဲ့လို့ အခုလိုကမ္ဘာ့ဖလားကို ရယူနိုင်ခဲ့ခြင်း ဖြစ်တယ်လို့လည်း ထင်ပါတယ်။ စပိန်အသင်း အနိုင်ရရှိမှုအပေါ် ထပ်တူထပ်မျှ ခံစားစိတ်ဖြစ်ပေါ်ခဲ့တာတော့ အမှန်ပါပဲ”ဟု စပိန်အသင်း ကမ္ဘာ့ဖလား ဆွတ်ခူးရရှိသွားမှုအပေါ် ၎င်းတို့က ထင်မြင်

သုံးသပ်မှုများကို အသီးသီး ဖွင့်ဟသွားပါကြောင်း”။

ကိုးကား-အင်တာနက်

ကမ္ဘာ့အားကစားသတင်းအတိုအထွာ

ချစ်စိုးနိုင် - စုစည်းသည်

အက်ရှ်လေကိုးလ် ရီးရဲသို့ ပြောင်းရွှေ့ရေးနီးစပ်နေ

ရီးရဲမက်ဒရစ်အသင်းသည် ချယ်လ်ဆီးအသင်းမှ အသက်၂၉နှစ်ရှိ ဘယ်နောက်ခံလူ အက်ရှ်လေကိုးလ်အား ပြောင်းရွှေ့ကြေးပေါင်သန်း ၃၀ဖြင့် ခေါ်ယူရေး နီးစပ်နေပြီဖြစ်ကြောင်း၊ မိမိအနေဖြင့် လာမည့်နှစ်တွင် အက်ရှ်လေကိုးလ်သည် ရီးရဲမက်ဒရစ်ကစားသမားဖြစ်လာမည်ဟု ယုံကြည်ကြောင်း ကမ္ဘာ့ဖလားဆွတ်ခူးခဲ့သည့် စပိန်အသင်းနှင့် ရီးရဲမက်ဒရစ်ဂိုးသမား အီလ်ကာ ကာဆီးလက်စ်က ပြောကြားသည်။

ဂျာမနီကွင်းလယ်မှ ခဲဒီရာအား ချယ်လ်ဆီး စိတ်ဝင်စား

ချယ်လ်ဆီးအသင်းသည် ဘွန်ဒက်စ်လီဂါအသင်းဝါဒါဘရီမင်မှ အသက်၂၁နှစ်ရှိ ကစားသမား အိုဇီးလ်အား ခေါ်ယူရေးကြိုးပမ်းမှုကို နောက်ဆုတ်လိုက်ကြောင်း၊ ယင်းအစား စတုဂတ်မှ အသက် ၂၃နှစ်အရွယ်ရှိ ဂျာမနီကွင်းလယ်ကစားသမား ဆာမီခဲဒီရာအား ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။

ရော်ဘင်ဟိုနှင့် ဘယ်လာမီအား မန်စီးတီးက ရောင်းထုတ်ဖွယ်

ယခုနွေရာသီတွင် မန်စီးတီးက ရော်ဘင်ဟိုနှင့် ခရစ်ဘယ်လာမီတို့ နှစ်ဦးအား ပြောင်းရွှေ့ကြေးပေါင်သန်း ၈၀ဖြင့် တစ်ပြိုင်တည်း ရောင်းထုတ်ဖွယ်ရှိကြောင်း၊ ဆန်းတို့စ်အသင်းသို့ အငှားချထားသည့် ရော်ဘင်ဟိုသည် အေစီမီလန်သို့ ရောက်ရှိဖွယ်ရှိကြောင်း၊ ဝေလတိုက်စစ်မှူး ဘယ်လာမီနှင့် ၎င်း၏ မန်စီးတီးကစားဖော်ဖြစ်သူ ခံစစ်မှူး မီကက်ချ်ရစ်ချတ်တို့အား စပါးက ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။

ပတ်ချူယောင်အား ကမ်းလှမ်းခေါ်ယူရန် ရှိုင်ဟော့ဂ်ဆန်စီစဉ်

လီဗာပူးနည်းပြ ရှိုင်ဟော့ဂ်ဆန်သည် ပြင်သစ်အသင်း မိုနာကိုမှ အသက် ၂၅နှစ်အရွယ်ရှိ တောင်ကိုရီးယားတိုက်စစ်မှူး ပတ်ချူယောင်အား ပေါင်ခြောက်သန်းဖြင့် ကမ်းလှမ်းခေါ်ယူရန် စီစဉ်နေသည်။

ဖာဘရီဂတ်စ်အား ဘာကာက မခေါ်ယူနိုင်သေးဟုဆို

အာဆင်နယ်အသင်းခေါင်းဆောင်ဖြစ်သည့် စပိန်ကွင်းလယ်ကစားသမား ဖာဘရီဂတ်စ် ခေါ်ယူရေးမှာ ယခုနွေရာသီတွင် ဖြစ်နိုင်ဖွယ်မရှိကြောင်း၊ ယခုလောလောဆယ်တွင် ၎င်းအား ခေါ်ယူရေးအတွက် အသင်းနှစ်သင်းအကြား ဆွေးနွေးမှုများ ပြုလုပ်ခဲ့သေးကြောင်း ဘာစီလိုနာအသင်းပိုင်ရှင် ဆန်ဒရိုရိုဘယ်လ်က ဖွင့်ဟပြောကြားသည်။

ရော်ဘင်ဟိုအား ခေါ်ယူရန် ရှက်တာဒိုးနက်စ် စဉ်းစားနေ

မန်စီးတီးတွင် နေရာမရဖြစ်နေသော ဘရာဇီးတောင်ပံကစားသမား ရော်ဘင်ဟိုအား ပြင်သစ်အသင်း ရှက်တာဒိုးနက်က ပြောင်းရွှေ့ကြေးပေါင်သန်း ၂၀ဖြင့် ကမ်းလှမ်းစာချုပ်ခေါ်ယူရန် စဉ်းစားနေသည်။

ဘာလော့တယ်လီအား မန်ယူသို့ အင်တာရောင်းချဖွယ်

ချယ်လ်ဆီးအသင်းသည် စီးရီးအေအသင်း အင်တာမီလန်မှ အသက် ၁၉နှစ်အရွယ်ရှိ အီတလီတိုက်စစ်မှူး ရီယိုဘာလော့တယ်လီအား စာချုပ်ခေါ်ယူရေးအတွက် မန်ယူ၊ မန်စီးတီးတို့နှင့်အပြိုင် ကြိုးပမ်းမည်ဖြစ်ကြောင်း၊ သို့သော်လည်း ဘာလော့တယ်လီအား မန်စီးတီးပေးသည့် ပြောင်းရွှေ့ကြေးထက် ပေါင်နှစ်သန်း ပိုပေးကာ ပေါင်၂၈သန်းပေးသည့် မန်ယူသို့သာ အင်တာမီလန်က ရောင်းချဖွယ်ရှိကြောင်း သိရသည်။

အင်တာသို့ ပြောင်းရွှေ့ရန် မာရှေယာနို စိတ်အားထက်သန်

လီဗာပူးကွင်းလယ်ကစားသမား ဂျာဗီယာမာရှေယာနိုသည် လာမည့် ဘောလုံးရာသီတွင် ၎င်း၏ နည်းပြဟောင်းရှိသည့် အင်တာမီလန်အသင်းသို့ ပြောင်းရွှေ့ကစားရန် စိတ်အားထက်သန်နေကြောင်း သိရသည်။

ကီဗင်ဒွိုင်လီ၏ ပြောင်းရွှေ့ကြေး မက်ကာသီဖွင့်ဟ

ဝူဗာဟမ်တန်နည်းပြ မစ်ခ်မက္ကာသီက ၎င်း၏ တိုက်စစ်မှူး ကီဗင်ဒွိုင်လီအား ပေါင်သန်း ၅၀ပေးမှသာ ရောင်းချမည်ဖြစ်ကြောင်း ဖွင့်ဟပြောကြားခဲ့သည်။

(အင်တာနက်)

-Poly ဝင်ခွင့်သင်တန်း
- IELTS Preparation Class

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ခင်မောင်ထူး MME/ ၅၇၇၃၁၁ သင်္ဘောသားစာအုပ် CDC-10841 ၏ S.I.D စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။
ဖုန်း-၀၉-၅၀-၁၄၂၅၀။

အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၇)၊ မြေကွက်အမှတ်(၇၃၁)၊ ဧရိယာ ၀ ဒသမ ၀၅၅ဧကရှိသော နှစ်(၆၀)မြေငှားဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ၃၇ရပ်ကွက်၊ စုပေါင်းရုံးလမ်း၊ အမှတ် (၇၃၁)ဟုခေါ်တွင်သော တစ်ထပ်အဆောက်အအုံအပါအဝင် ဆက်စပ်တပ်ဆင်ထားရှိပြီးဖြစ်သည့် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့အား အမည်ပေါက်ရှိသူ၏ ကိုယ်စား တရားဝင်ကိုယ်စားလှယ်လွှဲစာဖြင့် ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုလာသူ ဦးသိန်းသန်း ၁၂/သကတ (နိုင်)၁၂၁၀၉၇ ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် ညှိနှိုင်းသဘောတူညီချက်အရ စရန်ငွေပေးချေပြီးဖြစ်ပါ၍ အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးစိန်ဝင်း(စဥ်-၆၀၈၂)
B.A,H.G.P,C.B.L,D.B.L,D.M.L
ဥပဒေအကျိုးဆောင်
အမှတ် ၁၀/၁၂၊ ပထမထပ် (အေ-၅)၊ ၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၉၉-၂၅၇၃၆၊ ၀၉-၅၀-၇၀၆၇၇။

အထူးကျေးဇူးဆပ်ပါမည်

၁၆-၇-၂၀၁၀ရက်တွင် ပန်းရောင် မိန်းမလက်ကိုင်အိတ်တစ်လုံး နေပြည်တော် ကမ္ဘောဇဘဏ်မှအပြန် ကားပေါ်မှကျကျန်ခဲ့ပါသည်။

ယင်းအိတ်အတွင်း၌ မော်တော်ယာဉ်မောင်းလိုင်စင်၊ လက်ကိုင်ဖုန်းတစ်လုံး၊ ငွေအချို့နှင့် အရေးကြီးပစ္စည်းများ ပါရှိပါသည်။

ကောက်ယူရရှိထားသူမှ အောက်ပါလိပ်စာသို့ ပြန်လည်ပေးပို့ပါက အထူးထိုက်တန်စွာ ကျေးဇူးဆပ်ပါမည်။

ရွှေရည်ဝင်း စိန်ရွှေရတနာရောင်းဝယ်ရေး
ဈေးအနီး၊ လမ်းမတော်၊ မြဝတီရပ်ကွက်၊ နေပြည်တော်တပ်ကုန်း၊
ဖုန်း-၀၆၇-၇၀၃၉၆၊ ၀၆၇-၇၀၃၆၉၊
၀၉-၈၃-၀၀၉၉၅၊ ၀၉-၈၃-၀၀၉၉၆။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် (၃၁/ကံဘဲ့)၊ မြေကွက်အမှတ် (၃/ဇ) (ပေ၄၀×ပေ၆၀)အမည်ပေါက်ဦးသာအောင် ၁/မကန(နိုင်)၀၈၂၁၂၉ ၏ မြေချပါမစ်မူရင်းပျောက်ဆုံးသွားပါသဖြင့် မြေချပါမစ်မိတ္တူမှန် ထုတ်ပေးရန် အမည်ပေါက်ဦးသာအောင် ၁/မကန(နိုင်)၀၈၂၁၂၉ က လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါကဤကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အထောက်အထား မူရင်းများ တင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်မူရင်းကို ပယ်ဖျက်၍ မြေချပါမစ်မိတ္တူမှန် ထုတ်ပေးမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြေနှင့် အခွန်ဌာနခွဲ
မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန။

ကျေးဇူး ဆပ်ပါမည်

ကျွန်တော် ကျော်မိုးသူ၏ သင်္ဘောသား A/B လက်မှတ်အစုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားနှစ်ခု၊ MICB ဘဏ်စာအုပ်တို့သည် ၁၅-၇-၂၀၁၀ရက် ညနေ ၃နာရီခန့်တွင် အလုံ သစ်တောလမ်း၌ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ပေးပါရန်။ **ဖုန်း-၀၉-၈၇-၆၂၉၆၂၊ ၀၁-၂၂၃၇၃၀။**

နေရာကောင်း ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

ယုဇနပလာဇာနှင့် မင်္ဂလာဈေးကြား၊ ဗညားဒလလမ်းမကြီးပေါ်၊ မြေညီဆိုင်ခန်း (၁၅ပေ × ပေ၉၀) အထည်နှင့် စတိုးဆိုင်ဖွင့်ရန်ကောင်း။
ဖုန်း-၀၁-၂၉၂၅၅၉၊ ၀၉-၅၁-၆၅၁၉၅၊ ၀၉-၅၁-၃၂၉၀၇။

ကျေးဇူး ဆပ်ပါမည်

ကျွန်တော် ရဲထက်အောင်၏ နိုင်ငံကူးလက်မှတ်အမှတ် ၁၄၀၈၃၃ မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၁-၀၀၅၃၄။**

သင့်သွေးဖြင့် အသက်ကယ်ပါ

ဒို့ကျေးရွာဂျာနယ် အတွဲ(၇)၊ အမှတ်(၁၄) ထွက်ပြီ

ရန်ကုန် ဇူလိုင် ၁၇

ဒို့ကျေးရွာဂျာနယ် အတွဲ (၇)၊ အမှတ် (၁၄)ကို ဇူလိုင် ၁၅ရက်တွင် ထုတ်ဝေလိုက်ပြီဖြစ်သည်။

စုံလင်စွာဖော်ပြ

ယခုအပတ် ဒို့ကျေးရွာဂျာနယ်တွင် မိုးနည်းဒေသအတွက် နှစ်သီးစား သီးထပ်သီးနှံပုံစံ၊ မိုးလေဝသခန့်မှန်းချက်နှင့် မိုးစပါးစိုက်ပျိုးရေး သတိပြုဖွယ်၊ မိုးမြေပဲအထွက်တိုးဖို့ စိုက်ချိန်ပြောင်းလဲစိုက်ပျိုးစို့၊ စိုက်ပျိုးရေးရာဖြေကြားလွှာ၊ ဂေါ်ဖီထုပ်စိုက်ပျိုးဝင်ငွေဖြိုး စသည့် စိုက်ပျိုးရေးဆောင်းပါးများ၊ နွားကျောင်းသား အင်္ဂါရပ် ၁၁ပါး၊ တိရစ္ဆာန်များတွင်တွယ်ကပ်သော မွှားအန္တရာယ်ကာကွယ်ခြင်း၊ မျိုးဘဲများမွေးမြူခြင်း၊ သဘာဝပုရစ်မွေးမြူဖို့အချိန်တန်ပြီ စသည့် မွေးမြူရေးဆောင်းပါးများ၊ ငှက်ဖျားရောဂါ သိကောင်းစရာ၊ ထာဝရကျန်းမာဖို့ အာဟာရပြည့်အောင်စားသုံးစို့၊ ကလေးတို့ဘဝနှင့် ရောဂါပိုးမွှားဖြန့်ဖြူးရေးဌာနများ၊ ကိုယ်ဝန်ဆောင်များတွင်ဖြစ်ပွားလေ့ရှိသော ခြေသလုံးကြွက်သားကြွက်တက်ခြင်းစသည့် ကျန်းမာရေးဆောင်းပါးများ၊ ရာသီဥတုဖောက်ပြန်မှုကိုကာကွယ်ဖို့ သစ်ပင်စိုက်ကြစို့၊ အားကျအတုယူစရာ ရာစုဥဒါန်းစာကြည့်တိုက်စသည့် အသိပညာပေးသုတ၊ ရသဆောင်းပါးများ၊ အီဂျစ်နိုင်ငံအကြောင်းသိကောင်းစရာ၊ စင်ကာပူနိုင်ငံ၏ လူနေမှုစရိတ်သည် နိုင်ငံတွင်း ငွေကြေးခိုင်မာမှုအပေါ် မူတည်လျက်ရှိ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ သောက်သုံးရေများတွင် အဆိပ်သင့်အာဆင်းနစ်ဓာတ်များ ပါဝင်လျက်ရှိစသည့် နိုင်ငံတကာသတင်းဆောင်းပါးများ၊ အားကစားသတင်းများနှင့် အနုပညာနဲ့ပတ်သက်ပြီး အကောင်းဆုံးဖြစ်အောင် ကြိုးစားသွားမှာပါဆိုတဲ့ N ကိုင်ရာနှင့် တွေ့ဆုံခြင်းစသည့် အနုပညာသတင်းများ၊ ဒို့ကျေးရွာဝတ္ထုတိုတို့အပြင် ကဗျာ၊ ဟာသ၊ ကာတွန်း၊ ဗေဒင်၊ မြန်မာဗီဒီယိုဇာတ်လမ်းများနှင့် သတင်းအတိုအထွာများကို စုံလင်စွာဖော်ပြထားသည်။

ဝယ်ယူရရှိနိုင်

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် တစ်စောင်လျှင် ငွေကျပ် ၂၀၀နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။

ဒို့ကျေးရွာဂျာနယ်အတွက် စာမူနှင့် ကြော်ငြာများကို အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း- ၂၀၁၉၃၆၊ ၃၇၁၃၄၂တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

အားကစားမြှင့်တင် စိတ်လန်းရွှင်
ဆန့်ကျင်မူးယစ်ဆေး

မြောင်းမြမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့တွင်းလမ်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် အမှတ်(၂)ရပ်ကွက် ဦးဘချိုလမ်းနှင့် (၂)လမ်းထောင့် လမ်းဖြတ်ရေပြွန်တံတား တည်ဆောက်ခြင်းလုပ်ငန်းကို ဇွန် ၁၈ရက်က ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ချို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဝင်း ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

အလုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ နယ်လှည့်ဟောပြောပွဲနှင့် စာကြည့်တိုက် ရှင်သန်ခိုင်မာရေး ကွင်းဆင်းဆွေးနွေးခြင်းကို ဇူလိုင် ၈ရက်က သစ်တောရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရွှေလုံအလင်းပြ စာကြည့်တိုက်၌ ကျင်းပရာ ရပ်ကွက် ဥက္ကဋ္ဌ ဦးအောင်စိုးက စာကြည့်တိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းဆွေးနွေးစဉ်။

(မြို့နယ် ပြန်/ဆက်)

ဆင်ဖြူကျွန်းအောင်သိန်း၊ မောင်ဝဏ္ဏနှင့် နန္ဒဝင်း(ဆေး-၁)တို့၏ စာအုပ်များ

ပုဂံစာအုပ်တိုက်မှ ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇူလိုင် ၁၇

ပုဂံစာအုပ်တိုက်က ဆင်ဖြူကျွန်းအောင်သိန်း၏ ငထွန်းကားတို့ ညီအစ်ကိုနှင့် မဂ္ဂဇင်း ဝတ္ထုရှည်များ၊ မောင်ဝဏ္ဏ၏ မောင်စိန်သောင်း-မနှင်း ရည် ဝတ္ထုတိုများ၊ နန္ဒဝင်း (ဆေး-၁)၏ သူရဲကောင်းနှင့် သရဲခေါင်းနှင့် အခြား စာစုများစာအုပ်တို့ကို ထုတ်ဝေဖြန့်ချိလိုက်သည်။

ယုံကြည်

ငထွန်းကားသည် ကိုဆေးရိုးနှင့် ညီအစ်ကိုဖြစ်သည်။ သူသည် ကိုဆေးရိုးနှင့်မတူ။ ငထွန်းကားဆိုသော အမည်နာမကအစ အညာသားကြီး ပီပီပီသနေသည်။ ကိုဆေးရိုးကို စွဲလမ်းခဲ့သော ပရိသတ်များအနေဖြင့် ငထွန်းကားတို့ ညီအစ်ကိုအား ဖတ်ပြီးပါက အညာအတွေ့၊ အညာလေ၊ အညာငွေ့တို့ကို တစ်ထွေးကြီး စွဲလမ်းသွားကြမည်ဟု ယုံကြည်သည်။

ထုတ်ဝေဖြန့်ချိ

၁၉၈၀မှ ၁၉၈၆ခုနှစ်များအတွင်း ထုတ်ဝေခဲ့သော မဂ္ဂဇင်းစာအုပ်များ၌ ရေးခဲ့သော မောင်စိန်သောင်း -မနှင်းရည် ဝတ္ထုတိုများအနက်မှ အချို့ကိုရွေးနုတ်ထားသည့် စာအုပ်ကောင်း တစ်အုပ်နှင့် နန္ဒဝင်း(ဆေး-၁)၏ လူမှုရေး၊ စီးပွားရေး၊ ဘာသာရေး၊ အတွေးအမြင်ဆိုင်ရာ ဝတ္ထုဆောင်းပါးများ စုစည်းထားသည့်စာအုပ်တို့ကိုလည်း ပုဂံစာအုပ်တိုက်က ထုတ်ဝေဖြန့်ချိလိုက်ခြင်းဖြစ်သည်။

ဆက်သွယ်မှာယူနိုင်

အဆိုပါစာအုပ်များကို ပုဂံစာအုပ်တိုက်၄(A) ၅ ရန်ကင်းစင်တာ ဆရာစံလမ်း ရန်ကင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း- ၀၉-၅၁-၁၀၀၃၈နှင့် ၅၄၄၃၂၁၁တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

18-7 (14).pmd 1 7/18/2010, 1:32 AM

မော်တော်ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် လရ/၄၅၀၉၉ Luojia 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအိုက်ပေါင်း ၁၃/နမတ(နိုင်)၀၂၈၂၅၆က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ (ခရိုင်ရုံး)၊ ကျောက်မဲမြို့။

မော်တော်ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ပသ/၂၀၀၇၂ ကမ်ဘို 125 ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ရွှေ ၁၄/မအပ(နိုင်)၀၉၀၈၇၂က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မအူပင်)၊ မအူပင်မြို့။

မော်တော်ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မလမ/၅၈၆၉၃ဟွန်ဒါ ဒရင်း(မ်)ND 125 M ဆိုင်ကယ်ယာဉ် လက်ဝယ်ရှိသူ ဦးသန်းထွန်းနိုင် ၁၀/ရမန(နိုင်)၀၁၇၇၅၆က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ (ပြည်နယ်ဦးစီးမှူးရုံး)၊ မော်လမြိုင်မြို့။

အမည်ပြောင်း

အဖ ဦးတင်လှ ၈/ဆပ၀(နိုင်) ၀၀၃၄၆၇ ၏သား ဆင်ပေါင်ဝဲမြို့ အထက၊ ပဉ္စမတန်း(A)မှ မောင်ဇေယျာပိုင်အား မောင်ဇေယျာထက်အောင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဇေယျာထက်အောင်။**

ယာဉ်မှတ်ပုံတင်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် မလမ/၃၁၅၀၈ ဟွန်ဒါဝေ့(ဖ်)125 ဆိုင်ကယ်လက်ဝယ်ရှိသူ ဦးစိန်လွင် ၁၀/ကမရ(နိုင်)၀၁၁၄၉၆က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်းအောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊(ပြည်နယ်ဦးစီးမှူးရုံး)၊ မော်လမြိုင်မြို့။



မော်တော်ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၇၃၆၁၂ ဟွန်ဒါ Astrea 100 အမျိုးအစား ဆိုင်ကယ်လက်ဝယ်ရှိသူ ဦးဝင်းရှိန် ၈/ပခက(နိုင်)၁၇၀၂၃၂က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ (ခရိုင်ရုံး)၊ မခုတ္တူ။

ရောင်းမည်

အိမ်စီးကားသန့်သန့်ရောင်းမည်၊ နစ်ဆန်းပရီမီယာ(92)မော်ဒယ် ၄က/၄...

ဆက်သွယ်ရန် ဖုန်း-၅၁၂၇၉၂။

မိခင်အမည်မှန်

မုဒုံမြို့၊ ပိန္နဲတိုက် အထက(ခွဲ)၊ နဝမတန်း(B)မှ မောင်ညီညီအောင်၏ မိခင်အမည်မှန်မှာ ဒေါ်ချိုချိုခိုင် ဖြစ်ပါကြောင်း။

ဒေါ်ချိုချိုခိုင်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၆)၊ မြေကွက်အမှတ် ၃၃၀၊ မြေကွက်တည်နေရာ အမှတ် ၃၃၀၊ (၆)ရပ်ကွက်၊တောင်ဥက္ကလာပ ဒေါ်စိန်စိန် အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်စိန်စိန် ကွယ်လွန်သဖြင့် ဒေါ်မေဝင်း ၁၂/သဃက(နိုင်) ၀၅၂၅၄၁က တူမတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

ယာဉ်မှတ်ပုံတင်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၁၂၆၀၄၇ Jialing ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်းစန်းအေး ၉/မနတ(နိုင်) ၀၈၄၂၅၀က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး၊ (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့။**

ရောင်းမည်

VIP ရပ်ကွက်၊ RC နှစ်ထပ်၊ ကားဂိုဒေါင်ပါ၊ ရေ၊ မီး၊ ဖုန်း၊ ၆၀'×၉၀'၊ ဂရန်အမည်ပေါက် နှစ် ၉၀ ဂရန်၊ ကျောင်း၊ ကားဂိတ်နီး၊ ဘော်ဒါဆောင်ဖွင့်ရန် ကောင်းသည်။

ဥဿာမြို့သစ်၊ ပဲခူးမြို့၊ ဖုန်း-၅၆၁၀၇၃၊ ၅၆၆၉၀၄။

ဖခင်အမည်မှန်

ဟိုပင်မြို့၊ အထက(၁)၊ ဆဋ္ဌမတန်း(B)မှမောင်ပြည့်ဖြိုးသန်း၏ ဖခင်အမည်မှန်မှာ ဦးသန်းနိုင် ၉/မမန(နိုင်)၀၆၃၇၆၉ ဖြစ်ပါသည်။

ဖခင်အမည်မှန်

မိုးကောင်းမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(ဃ)မှ မစုစုလွင်၏ ဖခင်အမည်မှန်မှာ ဦးအောင်မြင့်နိုင် ၁/မကတ (နိုင်)၀၃၀၁၇၇ ဖြစ်ပါသည်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၆L၊ မြေကွက်အမှတ် ၁၂၀A၊ မြေကွက်တည်နေရာ အမှတ်-၃၉စီ၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်း ဦးကျော်ရင်၊ ဒေါ်လှရီအမည်ပေါက် မြေပိုင်မြေအား အမည်ပေါက် ဦးကျော်ရင် ISN-၂၀၀၇၀၁ ကွယ်လွန်သဖြင့် ကျန်အမည်ပေါက်ဒေါ်လှရီ ၁၂/ဗဟန(နိုင်)၀၄၇၇၀၂ (ISN-၂၀၀၇၀၃)က ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

ရောင်းရန်ကြော်ငြာ

တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆

တနင်္သာရီတိုင်းတရားရုံး

၂၀၀၈ ခုနှစ် တရားမဇာရီမှုအမှတ်(၁၂)

မန်နေဂျာ **နှင့်** ၁။ ဦးသန်းဇော်ဦး
မြန်မာ့စီးပွားရေးဘဏ် ၂။ ဒေါ်မြတ်မြတ်စု
မြိတ်မြို့။

တရားနိုင် **တရားရှုံးများ**

တနင်္သာရီတိုင်းတရားရုံး၏ ၂၀၀၇ခုနှစ် တရားမကြီးမှုအမှတ်(၄၄)တွင် ရရှိခဲ့သော ဒီကရီအရ အောက်ပါပစ္စည်းကို ၂၀၁၀ခုနှစ် ဩဂုတ်၁၃ရက်၊၁၃၇၂ခုနှစ် ဝါခေါင်လဆန်း ၃ရက် နံနက်၁၀နာရီအချိန်တွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြော်ငြာလိုက်သည်။

လေလံရောင်းချမည့်ပစ္စည်း

တရားရှုံးများပိုင်ဆိုင်သော မြိတ်မြို့၊ မြို့သစ်တံတားဦးရပ်၊ အောင်စံပယ်ဖြူလမ်း၊ အကွက်အမှတ်-၃၉(က)၊ ဘုရားကိုင်၊ ဦးပိုင်အမှတ် ၈၃၊ ဧရိယာ ၀ ဒသမ ၀၃၃ ဧကရှိ နှစ် (၃၀)ဂရန်မြေတစ်ကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၄၅×၂၀×၂၃) ပေရှိ မြေညီထပ် ကွန်ကရစ်တိုင်နှင့် အုတ်နံရံကာ၊ ပထမထပ် အာရ်စီ ကွန်ကရစ်ခင်း၊ အာရ်စီကွန်ကရစ်မိုး နှစ်ထပ်တိုက်တစ်လုံး။ **လေလံကြမ်းခင်းဈေး ကျပ်သိန်း ၃၅၀။**

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိသမျှသာဖြစ်ပါသည်။ မှားယွင်း၊ ကြွင်းကျန်ခြင်း တစ်စုံတစ်ရာပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့် အတိုင်းရောင်းချမည်ဖြစ်သည်။
၃။ ဈေးနှုန်းအမြင့်ဆုံးပေးသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိကယူဆလျှင် လက်မခံဘဲ ငြင်းပယ်ခွင့်ရှိသည်။
၄။ လေလံတင်ရောင်းချရာတွင် မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ်၁၀၀လျှင် ၂၅ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက်ပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။
၅။ လေလံတင်ရောင်းချခြင်းကို ရောင်းချသည့်အရာရှိက ရွှေ့ဆိုင်းဆောင်ရွက် ခွင့်ရှိသည်။
၆။ ကျန်ငွေများကို လေလံတင်ရောင်းချသည့်ရက်ကိုပယ်၍ ၁၅ရက်မြောက်နေ့တွင် တရားရုံးသို့ အပြေအကျေပေးသွင်းရမည်။ ၁၅ ရက်မြောက်သောနေ့သည် ရုံးပိတ်ရက်ဖြစ်ပါက ပထမဖွင့်သည့်ရက်တွင် ပေးသွင်းရမည်။
၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန်ပျက်ကွက်ပါက တစ်ဖန်ပြန်၍ လေလံတင်ရောင်းချပေးလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းခံရမည်။

၂၀၁၀ခုနှစ် ဇူလိုင် ၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

တင်အောင် (တိုင်းတရားသူကြီး)
တနင်္သာရီတိုင်းတရားရုံး။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)

တနင်္သာရီတိုင်းတရားရုံး

၂၀၀၉ ခုနှစ် တရားမဇာရီမှုအမှတ်(၅)

မန်နေဂျာ **နှင့်** ၁။ ဦးတင်အုန်း
မြန်မာ့စီးပွားရေးဘဏ် ၂။ ဒေါ်ရွှေကြည်
မြိတ်မြို့။

တရားနိုင် **တရားရှုံးများ**

တနင်္သာရီတိုင်းတရားရုံး၏ ၂၀၀၈ ခုနှစ် တရားမကြီးမှုအမှတ်(၁၀)တွင် ရရှိခဲ့သော ဒီကရီအရ အောက်ပါပစ္စည်းကို ၂၀၁၀ခုနှစ် ဩဂုတ် ၁၂ရက် (၁၃၇၂ခုနှစ် ဝါခေါင်လဆန်း၂ရက်) မွန်းမတည့်မီ နံနက် ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

လေလံတင်ရောင်းချမည့်ပစ္စည်း

မြိတ်မြို့၊ မြို့သစ်(၇)ရပ်၊ ရွှေစံပယ်(၁)လမ်း၊ ကွင်းအမှတ်-၃၉(င) ဘုရားကိုင်၊ ဦးပိုင်အမှတ် ၈၂၊ ဧရိယာ ၀ ဒသမ ၀၄၄ ဧကရှိ နှစ် (၃၀)မြေငှားဂရန် မြေကွက်တစ်ကွက်နှင့် ၎င်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော တစ်ထပ်ခွဲတိုက်တစ်လုံး။

လေလံကြမ်းခင်းဈေး ကျပ်သိန်း ၂၀၀။

လေလံရောင်းချမည့်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိသမျှသာဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်းတစ်စုံတစ်ရာ ပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ ဈေးနှုန်းအမြင့်ဆုံးပေးဝယ်သူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိကယူဆလျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။
၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲ ဝယ်ယူသူက ငွေကျပ်၁၀၀လျှင် ၂၅ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့်တစ်ပြိုင်နက် ပေးသွင်းရမည်။ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။
၅။ လေလံတင်ရောင်းချခြင်းကို ရောင်းချသည့်အရာရှိက ရွှေ့ဆိုင်းဆောင်ရွက်ခွင့်ရှိသည်။
၆။ ကျန်ငွေများကို လေလံတင်ရောင်းချသည့်ရက်ကိုပယ်၍ ၁၅ ရက်မြောက်ရက်တွင် တရားရုံးသို့ အပြေအကြေပေးသွင်းရမည်။ ၁၅ ရက်မြောက်သောရက်သည် ရုံးပိတ်ရက်ဖြစ်ပါက ပထမဖွင့်သည့်ရက်တွင် ပေးသွင်းရမည်။
၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန်ပျက်ကွက်ပါက တစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၁၀ခုနှစ် ဇူလိုင်၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

တင်အောင် (တိုင်းတရားသူကြီး)၊
တနင်္သာရီတိုင်းတရားရုံး။

ဆရာရန်နိုင်ဘုန်းမြင့် တယ်ရိုပညာလက်စွဲ

The Manual Guide Tarot စာမူခွင့်ပြုချက်အမှတ်-၄၀၁၃၄၃၁၂၀၉ (ကတ်ထုပ်+စာအုပ်)=ကျပ်၇၀၀၀

ဖြန့်ချိရေး - ရန်ကုန် - သီဟရတနာစာပေ၊ မန္တလေး - ရာပြည့်စာပေ။

ငွေချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ရန်ကုန်တိုင်းတရားရုံး

၂၀၁၀ခုနှစ် တရားမကြီးမှုအမှတ်-၆၇၈

၁။ ဦးမျိုးတင့် **နှင့်** ဦးလှလေး
၂။ ဒေါ်ခင်မိမိ(ခ)ဒေါ်ခင်မာမြင့်

တရားလိုများ **တရားပြိုင်**

ရန်ကုန်တိုင်း၊ အလုံမြို့နယ်၊ ကမ်းနားလမ်း၊ River View Garden Housing အမှတ် ၄၁ နေ(ယခုနေရပ်လိပ်စာမသိ) ဦးလှလေးသိစေရမည်။

သင့်အပေါ်၌ တရားလိုများက ငွေကျပ် ၁၇၀၀၀၀၀၀ ရလိုကြောင်းစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၀ခုနှစ် ဇူလိုင် ၂၈ရက် နံနက် ၉:၃၀ နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။

၂၀၁၀ခုနှစ် ဇူလိုင် ၁၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဇော်ဝင်း
တွဲဖက်တိုင်းတရားသူကြီး(၁)
ရန်ကုန်တိုင်းတရားရုံး။

ချိန်ခါမရွေး သတိပေး မီးဘေး ကင်းဝေးမှာ

ပင်လယ်ကမ်းဝေး ငါးဖမ်းလုပ်ငန်းရှင်များအား သံဖြူဇရပ်မြို့နယ်၌ တွေ့ဆုံဆွေးနွေး

သံဖြူဇရပ် ဇူလိုင် ၁၃

ငါး၊ ပုစွန်ထုတ်လုပ်မှု တိုးတက်ရေးနှင့်ငါးဖမ်းလုပ်ငန်းများ စနစ်တကျဖြစ်စေရေးအတွက် မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစိုးမြင့်သည် ဇူလိုင် ၁၁ရက်က သံဖြူဇရပ်မြို့နယ် ကျိုက္ကမီမြို့ ငါးလုပ်ငန်းရှင်များ အသင်းရုံး၌ ကမ်းဝေးငါးဖမ်းလုပ်ငန်းရှင်များအား တွေ့ဆုံပြီး ပင်လယ်ငါးဖမ်းခြင်းဆိုင်ရာ သတ်မှတ်စည်းကမ်းများ လိုက်နာရေး ဆွေးနွေးမှာကြားသည်။

ဆွေးနွေးပြောကြား

ဆက်လက်၍ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးလှမင်းဇော်၊ မြို့နယ်၏ ကမ်းနီးကမ်းဝေးငါးဖမ်းလုပ်ငန်း အခြေအနေများကိုလည်းကောင်း၊ ကျိုက္ကမီငါး လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌဦးဝင်းထိန်က အသင်း၏ ဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း ဆွေးနွေးပြောကြားသည်။

ထို့အပြင် ပြည်နယ်ဦးစီးမှူး ဦးစိုးမြင့်နှင့်အဖွဲ့သည် ကျိုက္ကမီမြို့ အောင်သုခရပ်ကွက် ရေငန်ငါးအဝယ်ဒိုင်နှင့် ကမ်းဝေးငါးဖမ်းလှေများ ကြံ့ခိုင်မှုကို စစ်ဆေးခဲ့သည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

မုဒုံမြို့နယ်အသင်း (ရန်ကုန်) စုပေါင်းလှူဒါန်းပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၇

မုဒုံမြို့နယ်အသင်း (ရန်ကုန်)က ကြီးမှူး၍ (၁၂)ကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲကို ဇူလိုင် ၂၅ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ် (၉)ရပ်ကွက် မြစံပယ်လမ်း ပါရမီ-ရေကူးရှိ ဝိဇ္ဇောတာရုံစာသင်တိုက်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ စုပေါင်းလှူဒါန်းပွဲနှင့် စွယ်တော်မြတ်စေတီ(ရန်ကုန်)ပရိဝုဏ်၌ တည်ဆောက်လျက်ရှိသော မုဒုံမြို့နယ်အသင်း (ရန်ကုန်)ဓမ္မာရုံတို့အတွက် အလှူငွေနှင့် ပစ္စည်းများကို ဒုတိယဗိုလ်မှူးကြီး အေးကျော်(ငြိမ်း) ဖုန်း- ၅၈၅၃၀၂၊ ဦးသာလှ ဖုန်း-၅၃၉၄၅၃၊ ဦးငွေစိုး ဖုန်း- ၅၆၉၃၁၃၊ ဦးတင်ကြိုင် ဖုန်း- ၅၇၈၄၇၄၊ ဦးအောင်ကြည် ဖုန်း- ၅၉၁၁၆၁၊ ဦးစိုးတင် ဖုန်း- ၅၃၈၇၂၀၊ ဦးစောလွင် ဖုန်း- ၂၀၅၆၁၆၊ မုဒုံမြို့ရှိ ဒေါက်တာမြင့်ဦး ဖုန်း- ၀၅၇-၇၀၀၆၁နှင့် ဒေါက်တာသန်းဝင်း ဖုန်း- ၀၅၇-၇၀၁၇၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း ဖိတ်စာများ ပေးပို့ထားပြီးဖြစ်ရာ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အလှူရှင်များ၊ မုဒုံမြို့နယ်သူ မြို့နယ်သားများနှင့် အသင်းဝင်များ ကြွရောက်ကြည်ညို လှူဒါန်းနိုင်ကြောင်း အမှုဆောင်အဖွဲ့က နှိုးဆော်ထားသည်။ **(သတင်းစဉ်)**

ကျန်းမာရေးစစ်ဆေးပညာပေးလုပ်ငန်း နေပြည်တော်တပ်ကုန်း၌ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၁၇

နေပြည်တော်တပ်ကုန်း အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၏ ကျောင်းကျန်းမာရေးစစ်ဆေးကုသခြင်းနှင့် ကျန်းမာရေးပညာပေးဟောပြောပွဲကို ဇူလိုင် ၁၄ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးရွှေကြီးက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ လက်ထောက်မြို့နယ်ဆရာဝန် ဒေါ်အဲမွန်ထွန်းက တစ်ကိုယ်ရေသန့်ရှင်းရေးအကြောင်း၊ ကျန်းမာရေးအဆင့်(၁) ဦးညွန့်ဝေမှ ခြင်၊ ယင်၊ ကြွက်တို့မှ ကူးစက်တတ်သောရောဂါများအကြောင်းနှင့် သူနာပြုဆရာမဒေါ်နော်ရှဲဆေးက တီဘီရောဂါအကြောင်းတို့ကို အသီးသီးဟောပြောကြသည်။

စစ်ဆေး

သွားဘက်ဆိုင်ရာဆရာဝန် ဒေါက်တာအမာချစ်အဖွဲ့က မူလတန်း ကျောင်းသားကျောင်းသူများအား ကျန်းမာရေး စစ်ဆေးခြင်းများ ပြုလုပ်ကြသည်။ **(အပေါ်ပုံ)**

(၀၉၁)

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲဆုချီးမြှင့်

စလင်း ဇူလိုင် ၁

မကွေးတိုင်း စလင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး၍ မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲဆုပေးပွဲ အခမ်းအနားကို မြို့မအခြေခံပညာအထက်တန်းကျောင်း ရာပြည့်ခန်းမ၌ ဇွန် ၂၈ရက်က ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နေဇာဝင်းက မြန်မာအမျိုးသမီးများနေ့အကြောင်း သိကောင်းစရာများဟောပြောသည်။

အဆိုပါ စာစီစာကုံးပြိုင်ပွဲသို့ ကျောင်းသူ ၉၈ ဦးပါဝင်ရေးသားယှဉ်ပြိုင်ကြပြီး ဆုရကျောင်းသူများအား မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌဒေါ်နေဇာဝင်းနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။ (ဝဲပုံ)

(မြို့နယ်ပြန်/ဆက်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

■ ဆူပူအကြမ်းဖက်မှုကို မလိုလား။

■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး မွန်ပြည်နယ် ကော်မရှင်အဖွဲ့ခွဲ၊ မော်လမြိုင် ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများနှင့် တွေ့ဆုံပွဲ၌ အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ရောဝတီတိုင်းအတွင်း မိုးစပါး စိုက်ပျိုးပြီးစီးမှု

နေပြည်တော် ဇူလိုင် ၁၇

ရောဝတီတိုင်းတွင် ဇူလိုင် ၁၇ ရက်အထိ မိုးစပါး ဧက ၂၅၇၀၈၄၀ စိုက်ပျိုးပြီးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး မွန်ပြည်နယ်ကော်မရှင်အဖွဲ့ခွဲနှင့် မော်လမြိုင် ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများနှင့် တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၇

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် မွန်ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ၊ မော်လမြိုင်ခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများ တွေ့ဆုံပွဲအခမ်းအနားကို ဇူလိုင် ၁၄ရက် နံနက် ၉နာရီတွင် မော်လမြိုင်မြို့ရှိ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရာမညခန်းမ၌ ကျင်းပရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက အဖွင့်အမှာစကား ပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ■

မြန်မာ့အလင်း သတင်းအညွှန်း

'နေပြည်တော် ရေပန်းဥယျာဉ် (တိုးချဲ့) ဖွင့်လှစ်' သတင်းကို စာမျက်နှာ ၁၁တွင် ဖတ်ရှုနိုင်ပါသည်။

18-7 (20).pmd 1 7/18/2010, 1:32 AM